# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

**အမှတ်စဉ် ၆/၂၀၂၄**

## ၂၀၂၄ ခုနှစ်၊ ဇွန်လ သတင်းခေါင်းစဉ်များ

## ပြည်တွင်းဈေးကွက်

- ဈေးဆက်တက်နေပေမဲ့ အရောင်းအဝယ်အေးနေတဲ့ မတ်ပဲနဲ့ ပဲစင်းငုံ
- တစ်လအတွင်း တစ်ပိဿာကို ၃၅၀၀ ကျော်အထိ ဈေးမြင့်တက်လာတဲ့ ကြက်သွန်ဖြူနဲ့ ဈေးကောင်းရနေတဲ့ တရုတ်အာလူး

## နိုင်ငံတကာဈေးကွက်

- ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်း ဆန်တင်သွင်းသူအဖြစ် ဆက်လက်ရပ်တည်နေမည့် ဖိလစ်ပိုင်နိုင်ငံ
- **ဘာစမာတီမဟုတ်သောဆန်တင်ပို့ရာတွင် ဆန်ကွဲပါဝင်မှုရာခိုင်နှုန်းပြင်ဆင်သတ်မှတ်ရန် အိန္ဒိယအစိုးရစီစဉ်**
- **ဆန်တန်ချိန် ၈ သန်း တင်ပို့ရန် လုံလောက်မှုရှိကြောင်း ဗီယက်နမ်နိုင်ငံပြောကြား**
- အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ကုန်ဆုံးချိန်အထိ ဆန်ထောက်ပံ့ပေးရန် အစိုးရစီစဉ်
- ထိုင်းဆန်ဈေးနှုန်းများ ၃ လအတွင်း အမြင့်ဆုံးရောက်ရှိ
- ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၇၀ ရရှိခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ
- ၁၀ နှစ်ကြာသိုလှောင်ခဲ့သော ဆန်တန်ချိန် ၁ ဒသမ ၅ သိန်းအားဘေးအန္တရာယ်ကင်းရှင်းပါက ထိုင်းအစိုးရက လေလံတင်ရောင်းချမည်
- **အိန္ဒိယနိုင်ငံ၌ ကုလားပဲအား အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုပြီး စားတော်ပဲ တင်သွင်းခွင့်ကာလကို သက်တမ်း တိုးမြှင့်**
- အိန္ဒိယတစ်ဝန်း လက်ဖက်ထုတ်လုပ်မှု ကီလိုဂရမ် ၁၃ သန်းကျဆင်းခဲ့
- **ကမ္ဘောဒီးယားနိုင်ငံမှ ငရုတ်ကောင်းများ တရုတ်နိုင်ငံသို့ တင်ပို့မှုစတင်**
- ဗီယက်နမ်နိုင်ငံမှ လိုင်ချီးစ်သီးများ ဩစတြေးလျနိုင်ငံရှိ ဆူပါမားကက်များတွင် ရောင်းချလျက်ရှိ
- ၂၀၂၄ ခုနှစ် မတ်လတွင် မလေးရှားနိုင်ငံ၏ ရော်ဘာထုတ်လုပ်မှု ၉ ဒသမ ၂ ရာခိုင်နှုန်းကျဆင်း
- ဗီယက်နမ်နိုင်ငံ၏ ရော်ဘာ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၄၃ သန်းရရှိ
- ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့တွင်နိုင်ငံတကာအစားအသောက်နှင့်အဖျော်ယမကာပြပွဲ(HCMC Foodex 2024)ကျင်းပ
- တရုတ်နိုင်ငံသို့ ပို့နေသည့်သရက်သီး ဈေးကောင်းမရဘဲအရှုံးပေါ်နေ
- တောင်သူများထံမှ ပဲမျိုးစုံနှင့် ကြက်သွန်နီဝယ်ယူရရှိရေး ကြိုတင်မှတ်ပုံတင်ရန် အိန္ဒိယအစိုးရစီစဉ်
- **ဗီယက်နမ်ဈေးကွက်၌ ကော်ဖီစေ့ဈေးနှုန်းများ ပြန်လည်ကျဆင်း**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- အိန္ဒိယဗဟိုဘဏ် (RBI)၏ ရွှေဝယ်ယူမှုသည် ၂၀၂၃ ခုနှစ် တစ်နှစ်လုံးထက် ၂၀၂၄ ဇန်နဝါရီမှ ဧပြီလ အတွင်းတွင် ၁ ဒသမ ၅ ဆ မြင့်တက်
- ၂၀၂၄ ခုနှစ် ပထမသုံးလပတ်၌ ထိုင်းနိုင်ငံ၏ သရက်သီးတင်ပို့မှု ၂ ဆကျော်မြင့်တက်
- ကောက်ပဲသီးနှံများအား စံချိန်တင် တင်ပို့နိုင်ရန် ရည်မှန်းထားသည့် ရုရှားနိုင်ငံ
- အင်ဒိုနီးရှားမှ ဒူဘိုင်းသို့ အမေရိကန်ဒေါ်လာ ၃၅၀,၀၀၀ တန်ဖိုးရှိသော အထည်အလိပ်များတင်ပို့
- ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်ကာလတွင် ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုမြင့်တက်လာပြီး နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ဘီလီယံရရှိရန်ရည်ရွယ်ထား
- တောင်ကိုရီးယားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှုလမ်းကြောင်း ထူထောင်မည်
- ဗီယက်နမ်နိုင်ငံမှ စပိန်နိုင်ငံသို့ ကော်ဖီတင်ပို့မှု ၁၀၀ ရာခိုင်နှုန်းတိုးမြင့်လာ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- မိုးရာသီကာလအတွင်း မိုးကာအုပ်အစေးခြစ်ခြင်းစနစ်က ရော်ဘာအစေးခြစ်ရက် ပိုမိုရရှိနိုင်
- ၉ နှစ်အတွင်း နည်းပညာ ၈၂ ခုကို MSME လုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးခဲ့ပြီး ဖြန့်ဝေမည့်နည်းပညာ ၅ မျိုး လည်းရှိနေ
- ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက်မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ် များသို့သွင်းကုန်များကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါကပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီအရေးယူမည်
- ကုန်ပစ္စည်းချင်းဖလှယ်သည့် ကုန်သွယ်မှုစနစ်အရ ပို့ကုန်သွင်းကုန်အတွက် နိုင်ငံခြားငွေပြန်လည်ရရှိမှုနှင့် ပေးချေခြင်းမှ ကင်းလွတ်ခွင့်ပုံစံများ လျှောက်ထားရမည်

**ပြည်ပကုန်သွယ်မှုသတင်း**

- ပင်လယ်ရေကြောင်းမှ ပြောင်းတင်ပို့မှုမြင့်တက်နေပြီး ပြောင်းဈေးမြင့်တက်လာ
- ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၈၀၅ သန်းခန့်ရရှိရန်လျာထား
- အုန်းတန်ဖိုးမြင့် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ” ကျင်းပ

**အထူးဆောင်းပါးများ**

- ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့သည် မြစိမ်းရောင်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ထိပ်တန်းကမ္ဘာ့အချက်အချာဒေသအဖြစ် ကြီးထွားလျက်ရှိ
- ထိုင်းနိုင်ငံနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ကုန်သွယ်ရေးတိုးမြှင့်နိုင်ရေးအတွက် ထိုင်း-ဆော်ဒီပူးတွဲကုန်သွယ်ရေးကော်မတီတစ်ခုဖွဲ့စည်းရန် နှစ်နိုင်ငံသဘောတူညီခဲ့
- ၂၀၂၅ ခုနှစ်အတွက် အခွန်ခန့်မှန်းချက် ကျဆင်းလာမှုကြောင့် ဂျာမနီသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ

**ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## ဈေးဆက်တက်နေပေမဲ့ အရောင်းအဝယ်အေးနေတဲ့ မတ်ပဲနဲ့ ပဲစင်းငုံ

မတ်ပဲက သုံးပတ်ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ပြည်တွင်းငွေလဲလှယ်နှုန်းဈေး မြင့်တက်လာတာနဲ့အတူ ဈေးမြင့်တက်လာတာဖြစ်ပြီး အရောင်းအဝယ်ကတော့ သိပ်မရှိဘူးလို့ဆိုတယ်။ အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲဝယ်လိုအား မြင့်တက်နေတာဖြစ်တဲ့အတွက် ဈေးကဆက်ပြီးမြင့်တက်တယ်။ အိန္ဒိယအစိုးရ ပဲဈေးကျဆင်းအောင်နည်းလမ်းမျိုးစုံနဲ့ ပြုလုပ်နေပေမဲ့ ဈေးကွက်အတွင်းပဲလိုအပ်ချက်ကြီးမားတာ၊ အထွက်နှုန်းလျော့တာတွေကြောင့် ဈေးကအမြင့်ဈေးမှာ ရှိနေတာဖြစ်တယ်။ ဈေးကွက်ထဲ မတ်ပဲအသစ်တွေ ဝင်နေပေမဲ့လည်း ဈေးကဆက်တက်နေတာဖြစ်တယ်။ အိန္ဒိယနိုင်ငံမှာ ဒီတစ်ပတ် မြန်မာမတ်ပဲ FAQ က တစ်တန်ကို ရူပီး ၉,၀၅၀ ပေါက် ဈေးရှိနေပြီး ၂၅ ရူပီး မြင့်တက်လာတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ (FAQ/RC)က တစ်တန်ကို ကျပ် ၃,၃၃၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တော့ တစ်တန်ကို ၆၀,၀၀၀ ကျပ်ဈေးမြင့်တက်လာတယ်။ (SQ/RC)ကတော့ တစ်တန်ကို ကျပ် ၃,၆၀၅,၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၆၅၀၀၀ ကျပ် ဈေးမြင့်တက်လာတယ်။ မတ်ပဲ Raw ကတော့ တစ်ပိဿာကို ကျပ် ၅,၄၀၅ မှ ၅,၄၄၅ ပေါက်ဈေး ရှိပြီး တစ်ပိဿာကို ၁၁၀ ကျပ်ဈေးမြင့်တက်လာတယ်။

ပဲစင်းငုံနီကလည်း ဈေးမြင့်တက်လာပေမဲ့ အရောင်းအဝယ်ကတော့အေးနေပါတယ်။ ဈေးမြင့်တက်ပေမဲ့လည်း ငွေကြေး ဖောင်းပွမှုကြောင့် ဈေးမြင့်တက်နေတာဖြစ်လို့ ပြီးခဲ့တဲ့အပတ်တွေကလို ဈေးအများကြီး တက်တာမျိုးတော့မရှိတော့ဘူး။

အိန္ဒိယနိုင်ငံတွင်းမှာလည်း ဈေးမြင့်တက်နေတာဖြစ်ပြီး ပဲလိုအပ်ချက်ကြောင့် ဈေးမြင့်တက်နိုင်မဲ့ အခြေအနေရှိနိုင်ပေမဲ့ လက်ရှိမှာ ပဲဈေးကျအောင်နည်းမျိုးစုံနဲ့လုပ်ဆောင်နေတာဖြစ်လို့ ပဲဈေးအခြေအနေက ကာလတိုအခြေအနေမှာတော့ ကောင်း နိုင်ပေမဲ့ ကာလလတ်အခြေအနေမှာတော့ စောင့်ကြည့်ရမဲ့ အခြေအနေဖြစ်တယ်။ အိန္ဒိယနိုင်ငံချန်နိုင်းဈေးကွက်မှာတော့ ပဲစင်းငုံနီ တစ်တန်ကို ရူပီး ၁၁,၃၇၅ ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ရူပီး ၂၇၅ ရူပီး ဈေးမြင့်တက်လာခဲ့တယ်။ ပြည်တွင်း ပဲစင်းငုံနီ FOB ဈေးကတော့ တစ်တန်ကို ဒေါ်လာ ၁၃၂၀ မှ ၁၃၄၀ ရှိပြီး ၂၀ ဒေါ်လာ ဈေးမြင့်တက်လာ တယ်။ ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ကျပ် ၄,၃၆၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၄၅၀၀၀ ကျပ်ဈေးမြင့် တက်လာခဲ့တယ်။ Source: AMIA, Source: Awba

Source: https://myantrade.gov.mm/article/naypyitaw_28052024_1152

## တစ်လအတွင်း တစ်ပိဿာကို ၃၅၀၀ ကျော်အထိဈေးမြင့်တက်လာတဲ့ ကြက်သွန်ဖြူနဲ့ ဈေးကောင်းရနေတဲ့ တရုတ်အာလူး

ကြက်သွန်ဖြူကတော့ တစ်လအတွင်း တစ်ပိဿာကိုကျပ် ၂,၅၀၀ ကျော်ထိ ဈေးမြင့်တက်လာတယ်။ ဈေးကွက်ထဲ အဝင်နည်းသွားပေမဲ့ အဝင်ရှိသလောက် အဝယ်လည်းရှိနေတဲ့အတွက် ဈေးမြင့်တက်နေတာလည်းဖြစ်တယ်။ ဈေးကွက်ထဲကို နေ့စဉ် အဝင်ပိဿာချိန် ၃၀,၀၀၀ နီးပါး ရှိတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်ဖြူ(ရှမ်း)ကတစ်ပိဿာကို အနိမ့်ဆုံးကျပ် ၉,၅၀၀ ကနေ အမြင့်ဆုံး ၁၁,၅၀၀ ထိပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၂၀၀၀ ကျပ်ဈေးမြင့်တက်လာတယ်။ မေလအစနဲ့ ယှဉ်ရင်တော့ တစ်ပိဿာကိုကျပ် ၃,၅၀၀ လောက်ဈေးမြင့်တက်လာတယ်။

ဈေးကွက်ထဲ ရှမ်းအာလူးတွေကအနည်းငယ်သာရှိပြီး ဘုရင့်နောင်ဈေးကွက်ထဲမှာတော့ တရုတ်အာလူးတွေသာဈေးဖွင့် တယ်။ ဈေးကွက်ထဲအဝင်များပေမဲ့ အရောင်းအဝယ်သွက်နေတဲ့အတွက် ဈေးကမြင့်တက်နေတယ်။ ပြီးခဲ့တဲ့ အပတ်ကတည်းက ဈေးကွက်ထဲဈေးငြိမ်နေတာဖြစ်ပြီး ငွေကြေးဈေးကြောင့်လည်း ဈေးအနည်းငယ်မြင့်လာတာလည်းဖြစ်တယ်။ ရန်ကုန် ဘုရင့်နောင်ဈေးကွက်မှာ တရုတ်အာလူးက တစ်ပိဿာကိုကျပ် ၁,၈၀၀ မှ ၂,၂၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၅၀ ကျပ် ဈေးမြင့်တက်လာတယ်။ Source: AMIA, Source: Awba

Source: https://myantrade.gov.mm/article/naypyitaw_28052024_1152

# နိုင်ငံတကာဈေးကွက်

## ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်း ဆန်တင်သွင်းသူအဖြစ် ဆက်လက်ရပ်တည်နေမည့် ဖိလစ်ပိုင်နိုင်ငံ

တိုးပွားလာသော လူဦးရေကြောင့် ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင်လည်း ကမ္ဘာ့အများဆုံး ဆန် တင်သွင်းသူအဖြစ် ၃ နှစ်ဆက်တိုက် ဆက်လက်ရပ်တည်နေမည်ဖြစ်သည်။ ယခုခန့်မှန်းချက်ကို အမေရိကန်ပြည်ထောင်စု၊ စိုက်ပျိုးရေးဌာန (USDA) ၏လစဉ်ထုတ် ကမ္ဘာ့ကောက်ပဲသီးနှံဈေးကွက်အစီရင်ခံစာတွင် ဖော်ပြထားပြီး ၂၀၂၅ ခုနှစ်အတွက် ပထမဆုံးခန့်မှန်းချက်လည်း ဖြစ်သည်။

လာမည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် လူဦးရေနှင့်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်လာမှုတို့ကြောင့် စားသုံးမှုမြင့် တက်လာခြင်းအား ဖြည့်ဆည်းရန် ဆန်တန်ချိန် စုစုပေါင်း ၄ ဒသမ ၂ သန်းကို တင်သွင်းမည်ဟုခန့် မှန်းထားသည်။

USDA ၏ ခန့်မှန်းချက်တွင် ဆန်ကြမ်း၊ ဆန်ညိုမှုကြိတ်ခွဲပြီးဆန်၊ ဆန်ကွဲထိ ပုံစံမျိုးစုံကို ထည့်သွင်းတွက်ချက်ထားပြီး ကြိတ်ခွဲပြီးဆန်ပမာဏကို ခန့်မှန်းထုတ်ပြန်ထားသည်။ ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က နိုင်ငံ့လူဦးရေသည် လာမည့်နှစ် တွင် အနည်းဆုံး ၁၁၃ ဒသမ ၆၃ သန်းရှိပြီး ၂၀၂၀ ပြည့်နှစ် လူဦးရေ ၁၀၉ ဒသမ ၀၃၅ သန်းထက် ၄ ဒသမ ၂ ရာခိုင်နှုန်း ခန့်

မြင့်တက်လာနိုင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှ၂၀၂၅ ခုနှစ်အတွင်း နှစ်စဉ်နိုင်ငံ့လူဦးရေ ပျမ်းမျှတိုးတက်မှုနှုန်းသည် သုည ဒသမ ၈၄ ရာခိုင်နှုန်း ဖြစ်နိုင်ကြောင်း ခန့်မှန်းထားသည်။

လာမည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ စုစုပေါင်း ဆန်စားသုံးမှုနှင့် လိုအပ်ချက်မှာ မက်ထရစ်တန် ၁၇ ဒသမ ၁ သန်း ရှိမည်ဟု USDA က ခန့်မှန်းထားပြီး ကမ္ဘာ့ဆဋ္ဌမမြောက် ဆန်အများဆုံး စားသုံးသူအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်သည်။

ဆက်လက်၍ လာမည့်နှစ်တွင် ကမ္ဘာ့ဆန်စားသုံးမှုသည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်နိုင်ငံများ၌ အဓိက တိုးတက်မှုကြောင့် စုစုပေါင်း မက်ထရစ်တန် ၅၂၆ ဒသမ ၄၀၁ သန်းဖြင့် စံချိန်သစ်တင်နိုင်ကြောင်း၊ သို့သော် ဖိလစ်ပိုင် နိုင်ငံ၏ လာမည့်နှစ်စပါးရိတ်သိမ်းမှုသည် မက်ထရစ်တန် ၁၂ ဒသမ ၇ သန်းခန့်ဖြင့် ယခုနှစ် ခန့်မှန်းချက် မက်ထရစ်တန် ၁၂ ဒသမ ၅ သန်းကို ကျော်လွန်နိုင်ကြောင်း USDA မှသိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင်သတ္တမမြောက်ဆန်အများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။

အပင်ထုတ်လုပ်မှုဗျူရို၏ အချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မေလ ၂ ရက်နေ့အထိ ဆန်မက်ထရစ်တန် ၁ ဒသမ ၆သန်းကျော် တင်သွင်းခဲ့ကြောင်း သိရသည်။

Source:https://www.philstar.com/business,,Source: ကုန်သွယ်ရေးဦးစီးဌာန၊ WTO ဌာနခွဲ

Source: https://www.commerce.gov.mm

Source:https://myantrade.gov.mm/article/Naypyitaw_23052024_1135

## ဘာစမာတီမဟုတ်သောဆန် တင်ပို့ရာတွင် ဆန်ကွဲပါဝင်မှုရာခိုင်နှုန်း ပြင်ဆင်သတ်မှတ်ရန် အိန္ဒိယ အစိုးရစီစဉ်

အစားအသောက်ဈေးနှုန်းများမြင့်တက်နေမှုနှင့် ငွေကြေးဖောင်းပွမှုတို့ ဖြစ်ပေါ်နေမှုများကြောင့် အိန္ဒိယနိုင်ငံအစိုးရသည် ဘာစမာတီမဟုတ်သောဆန် ပြည်ပတင်ပို့ရာတွင် ဆန်ကွဲပါဝင်မှုရာခိုင်နှုန်းကို လျှော့နည်းသတ်မှတ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်မှုမှာ စားသောက်ကုန်ဈေးနှုန်းဖောင်းပွမှု ဖြစ်ပေါ်နေမှုအရေးကိစ္စကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်နေချိန်တွင် ဆန်ရောင်းချမှု လုံလောက်စွာရရှိနိုင်ရန်တို့အတွက် ဖြစ်သည်။

၂၀၂၄ ခုနှစ် မတ်လတွင် စားသောက်ကုန် ဈေးနှုန်းဖောင်းပွမှုမှာ အနည်းငယ် လျှော့နည်းကျဆင်းခဲ့သော်လည်း ဆန်ဈေးနှုန်းများမှာမူ ၁၂ ဒသမ ၇ ရာခိုင်နှုန်းအထိသိသာစွာ ဆက်လက်မြင့်တက်ခဲ့သည်။ ဆန်လက်လီဈေးနှုန်းများမှာ တစ်ကီလိုဂရမ်လျှင် ၄၄ ဒသမ ၄၀ ရူပီးသို့ မြင့်တက်ရောက်ရှိခဲ့ပြီး ယခင်နှစ် ကာလတူကထက် ၁၃ ဒသမ ၁၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

အဆိုပါအခြေအနေကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် အိန္ဒိယနိုင်ငံအစိုးရသည် ဘာစမာတီမဟုတ်သောဆန်နှင့် ပေါင်းဆန်တင်ပို့မှုတို့တွင် ဆန်ကွဲပါဝင်သည့်ရာခိုင်နှုန်းကို လက်ရှိ ၂၅ ရာခိုင်နှုန်းအစား ၅ ရာခိုင်နှုန်းသို့ လျှော့ချရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆန်ဈေးနှုန်းများကိုတည်ငြိမ်စေပြီး ဆန်ရောင်းချမှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အဆင့်မြင့်အရာထမ်းတစ်ဦးက ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံအစိုးရသည် ပြည်တွင်းတွင် ဆန်ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အဆိုပါနည်းလမ်းများအနက် ဘာရတ်ဆန် (Bharat rice) ခေါ် အစိုးရအထောက်အပံ့ဖြင့် ဆန်ထုပ်ပိုးရောင်းချမှုကို မိတ်ဆက်ဆောင်ရွက်ခြင်း၊ ကုန်သည်များလက်ဝယ်ရှိ ဆန်လက်ကျန် ထုတ်ဖော်ပြောဆိုမှုများကို တိုးတက်စေခြင်းနှင့် ပို့ကုန်ကန့်သတ်ခြင်းစသည်တို့ပါဝင်သည်။ ထိုသို့ ဆောင်ရွက်ခဲ့သော်လည်း ဆန်ဈေးနှုန်းများမှာ ဆက်လက်မြင့်တက် နေဆဲဖြစ်သည်။

ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆန်ပို့ကုန်အတွက် အရည်အသွေးသတ်မှတ်ချက်များကို ပြင်ဆင်ရန် အချက်များအား အဆိုပြုခဲ့သည်။ ဥပမာအားဖြင့် ပေါင်းဆန်၌ ဆန်ကွဲပါဝင်မှုကို လက်ရှိ ၁၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ လျှော့ချခြင်းနှင့် ဘာစမာတီမဟုတ်သောဆန်တွင် ဆန်ကွဲပါဝင်မှုကို ၂၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ လျှော့ချခြင်းတို့ဖြစ်သည်။ ဆန်တင်ပို့ရာတွင် ဆန်ကွဲပါဝင်မှုရာခိုင်နှုန်း သတ်မှတ်ချက်သည် တင်သွင်းသည့်နိုင်ငံများ၏ လိုအပ်ချက်အရ ဆောင်ရွက်ရခြင်းဖြစ်ပြီး ဘာစမာတီမဟုတ်သောဆန်တွင် ဆန်ကွဲပါဝင်မှုရာခိုင်နှုန်းကို အာဖရိကနိုင်ငံများက ၂၅ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံသည် ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအတွင်း သတ်မှတ်ထားကြောင်း သိရသည်။

ဆန်ကွဲပါဝင်မှုရာခိုင်နှုန်းကို လျှော့ချသတ်မှတ်ခြင်းသည် ဆန်ဈေးနှုန်းများအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုရှိမည်ဟု ခန့်မှန်းထားသည်။ ဆန်ကို လက်ငင်းရောင်းချသူ ကုန်သည်များ၏ ပြောဆိုချက်အရ လက်ရှိကာလတွင် ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သော ဘာစမာတီမဟုတ်သောဆန်ဈေးနှုန်းမှာ တစ်တန်လျှင် ရူပီး ၃၅,၀၀၀ နှင့် ဆန်ကွဲ ၂၅ ရာခိုင်နှုန်းပါဝင်သည့် ဘာစမာတီမဟုတ်သောဆန်ဈေးနှုန်းမှာ တစ်တန်လျှင် ရူပီး ၃၀,၀၀၀ ရှိကြောင်းသိရသည်။ ပြည်ပတင်ပို့သော

ဆန်တွင် ဆန်ကွဲပါဝင်မှုရာခိုင်နှုန်းကို လျှော့ချလိုက်ခြင်းသည် ဆန်စျေးနှုန်းများကို တည်ငြိမ်စေသည်သာမက အီသနော ထုတ်လုပ်မှုကဲ့သို့သော ပြည်တွင်းစက်မှုလုပ်ငန်းများအတွက် ဆန်များကို ပိုမိုရရှိလာစေသည်။ သို့ရာတွင် အဆိုပြုထားသော ပြုပြင်ပြောင်းလဲမှုများသည်ဆန်တင်ပို့မှုလုပ်ငန်းတစ်ရပ်လုံးအပေါ်အကျိုးသက်ရောက်မှုရှိလာနိုင်သဖြင့် ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာနအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများအပေါ် အကဲဖြတ်သုံးသပ်ရန် အစိုးရကတာဝန်ပေးခဲ့သည်။ အကဲဖြတ်မှုပြီးစီးပါက သက်ဆိုင်ရာ အာဏာပိုင်များက ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိကာလတွင် ဘာစမာတီမဟုတ်သော ဆန်တင်ပို့မှုကို ကန့်သတ်ထားပြီး အစိုးရချင်း ညှိနှိုင်းမှု (G to G) စနစ်ဖြင့်သာ တင်ပို့ခွင့်ပြုလျက်ရှိပြီး ပေါင်းဆန်တင်ပို့မှုကိုမူ ပို့ကုန်အခွန် ၂၀ ရာခိုင်နှုန်း သတ်မှတ်ချက်ဖြင့် တင်ပို့ခွင့်ပြုထားသည်။ အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သောဆန် တင်ပို့မှုကိုလည်း G to G စနစ်ဖြင့် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ် ဇူလိုင်လမှစတင်၍ ဆန်ပို့ကုန် ကန့်သတ်မှုများကို ဆောင်ရွက်ခဲ့ပြီး အစိုးရချင်း ညှိနှိုင်းမှုစနစ်ဖြင့် ဘာစမာတီမဟုတ်သောဆန် တန်ချိန် ၂ သန်းခန့်ကို တင်ပို့ခဲ့သည်။

Source: Bharat Rice, 4 May 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာစျေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_13052024_114

## ဆန်တန်ချိန် ၈ သန်း တင်ပို့ရန် လုံလောက်မှုရှိကြောင်း ဗီယက်နမ်နိုင်ငံပြောကြား

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ၄၃ သန်းအထိ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားပြီး ၎င်းပမာဏသည် ပြည်တွင်းစားသုံးမှုနှင့် ဆန်တန်ချိန် ၈ သန်းကျော်ရှိသော ပို့ကုန်ဝယ်လိုအားတို့အတွက် လုံလောက်မှုရှိကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရသိရသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမလေးလတွင် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၂၃ သန်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈ ဘီလီယံရရှိခဲ့ရာ ယမန်နှစ်၏ အလားတူကာလတင်ပို့မှုထက် တန်ဖိုးအားဖြင့် ၃၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ကုန်ချိန်ပမာဏအားဖြင့် ၁၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ယခုနှစ်အစပိုင်းမှစတင်၍ ဆန်ပို့ကုန်တန်ဖိုးမှာ မြင့်တက်လာခဲ့ရာ တစ်တန်လျှင် ၆၄၄ အမေရိကန်ဒေါ်လာအထိ ရောက်ရှိခဲ့ပြီး ၂၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။

မကြာသေးမီက မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ Can Tho မြို့၌ ကျင်းပသည့် ဆန်တင်ပို့မှုဆိုင်ရာညီလာခံတစ်ရပ်တွင် အစီရင်ခံတင်ပြမှုများအရ အယ်လ်နီညိုနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် ၂၀၂၃-၂၀၂၄ သီးနှံရာသီတွင် ကမ္ဘာ့ဆန် ထွက်ရှိမှုသည် တန်ချိန် ၅၁၈ သန်းခန့်သို့ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ စားသုံးမှုအတွက် လိုအပ်ချက်မှာ တန်ချိန် ၅၂၅ သန်းရှိသဖြင့် ယခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးသည် ဆန်တန်ချိန် ၇ သန်းခန့် ပြတ်လပ်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခြေအနေသည် ဗီယက်နမ်နိုင်ငံအပါအဝင် ဆန်တင်ပို့သူများအတွက် အခွင့်အလမ်းကောင်း တစ်ခုဖြစ်ကြောင်း၊ ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုရှိသည့်အပြင် တစ်ချိန်တည်းမှာပင် ကမ္ဘာ့စျေးကွက်သို့ ဆန်တန်ချိန် ၈ ဒသမ ၁၃ သန်း တင်ပို့ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ဆန်စပါးထွက်ရှိမှု အကြီးမားဆုံးနှင့်အချက်အချာဖြစ်သည့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် တင်ပို့ရန် ဆန်ပမာဏ စုစုပေါင်းသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၇ ဒသမ ၆ သန်းခန့် ရှိမည်ဟု ခန့်မှန်းထားကြောင်း Vietnam Plus သတင်း ဌာနက ဖော်ပြထားသည်။

Source: Vietnam Plus, 2 May 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာစျေးကွက် စောင့်ကြည့် လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_13052024_117

## အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ကုန်ဆုံးချိန်အထိ ဆန်ထောက်ပံ့ပေးရန် အစိုးရစီစဉ်

အင်ဒိုနီးရှားနိုင်ငံတွင် ဆန်စျေးနှုန်းများ သက်သာမှုရရှိလာသော်လည်း အစိုးရအနေဖြင့် ဆန်ထောက်ပံ့မှု အစီအစဉ်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ ခြောက်လသက်တမ်းတိုးနိုင်ဖွယ်ရှိသည်ဟု ရာထူးသက်တမ်း ကုန်ဆုံးတော့မည့် သမ္မတ ဂျိုကိုဝီဒိုဒိုက ၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်၊ တနင်္လာနေ့တွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ ခြောက်သွေ့မှုဒဏ်ကြောင့် ဆန်စပါးထွက်ရှိမှုထိခိုက်ခြင်းက ဆန်စျေးနှုန်းများ မြင့်မားမှုဖြစ်ပေါ်စေသည့်အပေါ် ကူညီပံ့ပိုးပေးရန်အတွက် အင်ဒိုနီးရှားအစိုးရသည် ၂၀၂၃ ခုနှစ် မတ်လမှစ၍ ဝင်ငွေနည်းပါးသော အိမ်ထောင်စုပေါင်း သန်း ၂၀ ကျော်သို့ အိမ်ထောင်စုတစ်စုလျှင် ၁၀ ကီလိုဂရမ်နှုန်းဖြင့် ဆန်များအား လစဉ်ပေးဝေခဲ့သည်။ အဆိုပါ အစီအစဉ်အား အကြိမ်ကြိမ် သက်တမ်းတိုးမှုများ ပြုလုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေ သန်း ၂၇၀ အတွက် အဓိကကျသည့် ပြည်တွင်းဆန်ဈေးနှုန်းအား လျှော့ချရာတွင် ယခုအစီအစဉ်သည် အောင်မြင်မှုရရှိခဲ့ကြောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအားလုံး၏ဈေးနှုန်းများမှာ မြင့်တက်လျက်ရှိပြီးအချို့သော စားသောက်ကုန်များ၏ ဈေးနှုန်းအလွန်မြင့်မားနေချိန်၌ အင်ဒိုနီးရှားနိုင်ငံတွင်မူ ဈေးနှုန်းများနိမ့်ကျမှုရှိနေဆဲဖြစ်ကြောင်း၊ ဆန်ထောက်ပံ့မှုအားသက်တမ်းတိုးမြှင့်ရန်အတွက်လိုအပ်သော ဆန်အရင်းအမြစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းမရှိဘဲ အဆိုပါသက်တမ်းတိုးမှုအစီအစဉ်သည်ဘတ်ဂျက်ရန်ပုံငွေရရှိနိုင်မှုအပေါ်မူတည်ကြောင်းသမ္မတဂျိုကိုဝီဒိုဒို၏ပြောကြားချက်အရသိရသည်။

အင်ဒိုနီးရှားနိုင်ငံပိုင် စားနပ်ရိက္ခာဝယ်ယူရေးကုမ္ပဏီဖြစ်သော Bulog သည် ၂၀၂၄ ခုနှစ်၊ မေလ ၈ ရက်နေ့အထိ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုမှ ဆန် ၄၇၂,၂၇၉ မက်ထရစ်တန်ကို ဝယ်ယူခဲ့ပြီး စုစုပေါင်း ဆန်တန်ချိန် ၁ ဒသမ ၈ သန်းကို သိုလှောင်ထားရှိကြောင်း ၎င်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ဆန်တန်ချိန် ၃ ဒသမ ၆ သန်း တင်သွင်းရန် ခွင့်ပြုထားသည့်အနက် ဆန်တန်ချိန် ၁ ဒသမ ၂ သန်းကို တင်သွင်းခဲ့ပြီးဖြစ်ကြောင်း ဧပြီလနှောင်းပိုင်းတွင် Bulog က ပြောကြားထားသည်။

Bulog သည် ဆန်မက်ထရစ်တန်ချိန် ၃၀၀,၀၀၀ ခန့် ဝယ်ယူရန်အတွက် နိုင်ငံတကာ တင်ဒါတစ်ရပ်ကို ထပ်မံခေါ်ယူခဲ့သည်ဟု ဥရောပကုန်သည်များက မေလ ၁၃ ရက်တွင် ပြောဆိုခဲ့ကြကြောင်း၊ အင်ဒိုနီးရှား စာရင်းအင်းဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း စပါးရိတ်သိမ်းရာသီ၌ ဆန်လက်ကျန်များတိုးမြင့်လာသဖြင့် ဆန်ဈေးနှုန်းများ ကျဆင်းလျက်ရှိသည်ဟု ပြောကြားကြောင်း သိရသည်။

Source: The Straits Times, 13 May, 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_20052024_1122

## ထိုင်းဆန်ဈေးနှုန်းများ ၃ လအတွင်း အမြင့်ဆုံးရောက်ရှိ

ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့သည့် အိန္ဒိယနိုင်ငံ၏ ဆန်များအပေါ် ဝယ်လိုအားထိုင်းမှိုင်းနေပြီး ဈေးနှုန်းတည်ငြိမ်လျက်ရှိသော်လည်း ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန်ဈေးနှုန်းများသည် ရောင်းလိုအားနည်းပါးမှုနှင့် ဝယ်လိုအား ခိုင်မာအားကောင်းမှုအရ ယခုသီတင်းပတ်၌ ၃ လအတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိလာကြောင်း Bangkok Post သတင်းဌာနက ၂၀၂၄ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ဖော်ပြထားသည်။

ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သော ထိုင်းဆန်၏ ဈေးနှုန်းသည် ယခင်ရက်သတ္တပတ်၌ တစ်တန်လျှင် ဒေါ်လာ ၆၀၀ ခန့်သာရှိရာမှ ဆက်လက်မြင့်တက်ခဲ့ပြီး ၆၃၂ ဒေါ်လာမှ ၆၄၀ ဒေါ်လာ နှုန်းထားအတွင်းသို့ ရောက်ရှိလာခဲ့သည်။ ထိုင်းဆန်၏ ရောင်းလိုအားအပိုင်းတွင် လျော့နည်းလာမှုနှင့်အတူ အင်ဒိုနီးရှားနိုင်ငံမှ ဝယ်လိုအားမြင့်မားလျက်ရှိခဲ့ခြင်း၊ ဘရာဇီးနိုင်ငံ၌ ရေကြီးနစ်မြုပ်မှုကို ကြုံတွေ့ခဲ့ရခြင်းတို့က ထိုသို့ဈေးနှုန်းများကို မြင့်တက်စေခြင်းဖြစ်ကြောင်း ဘန်ကောက်မြို့ အခြေစိုက်ကုန်သည်တစ်ဦး၏ ပြောဆိုခဲ့သည်။

ဘရာဇီးနိုင်ငံတောင်ပိုင်းတွင် မြို့များနှင့် လယ်ယာစိုက်ခင်းများမှာ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်မှုရှိကြောင်း၊ အခြေခံအဆောက်အအုံများ အကြီးအကျယ်ထိခိုက်ပျက်စီးမှုရှိပြီး လယ်ယာထွက်ကုန်များအား ဒေသခံပြုပြင်ထုတ်လုပ်သူများနှင့် Rio Grande ဆိပ်ကမ်းတို့သို့ သယ်ယူပို့ဆောင်ခြင်းကို နှောင့်နှေးမှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထိုင်းပြည်တွင်း ဆန်ဝယ်လိုအားနှင့် လုပ်ငန်းဆောင်ရွက်မှုတို့သည် ပျားပန်းခပ် လှုပ်ရှားလျက်ရှိပြီး ဆန်အသစ်များသည် ရှေ့လာမည့်ဇူလိုင်လကျမှသာ ဈေးကွက်ဝင်ရောက်လာမည်ဟု ဘန်ကောက်အခြေစိုက် အခြားကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင်မူ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သော ပေါင်းဆန်အား ယခင်ရက်သတ္တပတ်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်တန်လျှင် ၅၃၁ ဒေါ်လာမှ ၅၃၉ ဒေါ်လာအတွင်း ဈေးနှုန်းဖြင့် ယခု သီတင်းပတ်၌ ကမ်းလှမ်းရောင်းဝယ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံတောင်ပိုင်း အန္တရာပရာဒေ့ရှ်ပြည်နယ်မှ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက အိန္ဒိယ ဆန်များသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအရ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော်လည်း ဝယ်လိုအားမှာ ယခုတိုင်မြင့်မားလာခြင်းမရှိဟု ပြောဆိုခဲ့သည်။

တစ်ချိန်တည်းတွင် ဗီယက်နမ်ဈေးကွက်၌ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သောဆန်ဈေးနှုန်းမှာ ယခင်သီတင်းပတ်၌ တစ်တန်လျှင် ၅၈၅ ဒေါ်လာသာရှိရာမှ ၂၀၂၄ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ၅၈၅ ဒေါ်လာမှ ၅၉၀ ဒေါ်လာ နှုန်းထားအတွင်းသို့ မြင့်တက်ခဲ့သည်ဟု ကုန်သည်များကပြောဆိုကြသည်။ ဟိုချီမင်းမြို့ အခြေစိုက် ကုန်သည်တစ်ဦးကလည်း ဗီယက်နမ်ဆန်အပေါ်

ဝယ်လိုအားကောင်းမွန်လျက်ရှိသော်လည်း ပြည်တွင်းမှ ပေးသွင်းနိုင်မှုမှာ နည်းပါးလျက်ရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံပိုင် ဝယ်ယူရေးအေဂျင်စီဖြစ်သော Bulog အဖွဲ့သည် ဆန်ပိုမိုဝယ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။

Source: Bangkok Post, 16 May 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_20052024_1149

## ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၇၀ ရရှိခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ

ယခုနှစ်၏ ပထမလေးလတာကာလတွင် ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာသန်း ၁၇၀ ပမာဏရှိသည့် ဆန်တန်ချိန် ၂၄၈,၄၉၁တန်ကို ပြည်ပသို့တင်ပို့ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်း အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ်၊ မေလ ၈ ရက်နေ့က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရသိရသည်။ ကမ္ဘောဒီးယား နိုင်ငံသည် ဧပြီလတစ်လတည်းတွင် ဆန်တန်ချိန် ၈၂,၄၉၁ တန်တင်ပို့ခဲ့ခြင်းမှ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၆ သန်းရရှိခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးမားဆုံးဆန်တင်သွင်းသည့်နိုင်ငံဖြစ်ပြီး ယခုနှစ်၏ ပထမလေးလတွင် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၂၈ သန်းတန်ဖိုးရှိသည့် ဆန်တန်ချိန် ၆၇,၄၅၇ တန် ဝယ်ယူခဲ့ ကြောင်းသိရသည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ဆန်တန်ချိန် ၁၀၅,၇၉၉ တန်ကို ဥရောပရှိနိုင်ငံ ၂၆ နိုင်ငံ ကိုတင်ပို့ခဲ့ပြီး ၅၇,၇၆၆ တန်ကို အာဆီယံဒေသရှိနိုင်ငံ ၇ နိုင်ငံနှင့် ၂၁,၄၆၉ တန်ကို အခြားဒေသများသို့ တင်ပို့ခဲ့သည်ဟုသိရသည်။ တင်ပို့ခဲ့သည့် ဆန်များထဲတွင် ဆန်မွှေး၊ ဆန်ဖြူ၊ ပေါင်းဆန်နှင့် အော်ဂဲနစ်ဆန်များ ပါဝင်ပြီး ဆန်မွှေးတင်ပို့မှုမှ စုစုပေါင်းဆန်တင်ပို့မှု၏ ၇၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

နှစ်စဉ်နှစ်တိုင်း ကမ္ဘောဒီးယားနိုင်ငံသည် မကြိတ်ခွဲရသေးသည့် ရိတ်သိမ်းပြီးသော စပါးတန်ချိန် ၁၂ သန်းနှင့် ကြိတ်ခွဲပြီးသောဆန် ၇ သန်း ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်း လိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းပိုမိုကြောင်း ကမ္ဘောဒီးယားနိုင်ငံ၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးမွေးမြူရေးဝန်ကြီးဌာန၏ ပြည်ထောင်စုအတွင်းရေးမှူးက ပြောကြားခဲ့သည်။ ထို့ပြင် ကျွန်ုပ်တို့၏ အနာဂတ်ရည်မှန်းချက်မှာ အစားအစာများ ဖူလုံစိတ်ချရမှုရှိရေးနှင့် လယ်သမားများကိုပံ့ပိုးပေးနိုင်ရန်အပြင် တည်ငြိမ်သောစီးပွားရေးနှင့် ပတ်ဝန်းကျင်ကို ဖန်တီးရန်ဖြစ်ကြောင်း ကမ္ဘောဒီးယားဆန်စပါးကဏ္ဍသည် နိုင်ငံတော်အစားအသောက်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် အစားအစာများထုတ်လုပ်ရာတွင် အောင်မြင်မှုရရှိရုံသာမက ကမ္ဘာ့အစားအစာဖူလုံစိတ်ချရမှုရှိစေရေးတွင်လည်း ပူးပေါင်းပါဝင်လျက်ရှိကြောင်း အတွင်းရေးမှူးကဆက်လက်ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ်၏ ပထမလေးလပတ်ကာလတွင် စပါးနှင့် ကြိတ်ခွဲပြီးသားဆန်များ တင်ပို့မှုသည် ၂၀၂၃ ခုနှစ်၊ ပထမလေးလပတ်ကာလထက် ၃၀ ရာခိုင်နှုန်း တိုးတက်လာကြောင်းသိရသည်။

၂၀၁၅ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတကာဈေးကွက်သို့ ဆန်တန်ချိန် တစ်သန်းတင်ပို့နိုင်ရန် ရည်မှန်းချက်ထားခဲ့သော်လည်း ဆယ်စုနှစ် ၁ စုနီးပါးကြာသည့်အချိန်ထိ ရည်မှန်းချက် မအောင်မြင်သေးကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံဆန်စပါးအသင်းချုပ်သည် ၂၀၂၅ ခုနှစ်တွင် အနည်းဆုံးဆန်တန်ချိန် တစ်သန်း တင်ပို့နိုင်ရန် ရည်မှန်းချက်ထားလျက်ရှိသည်။ လွန်ခဲ့သည့်လေးနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတကာ ဈေးကွက်သို့ တစ်နှစ်ကို ဆန်တန်ချိန် ၆ သောင်းကျော်ပုံမှန်တင်ပို့လျက်ရှိကြောင်းသိရသည်။ Source : Khmar Times,Source: https://www.doca.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_17052024_1001

## ၁၀ နှစ်ကြာသိုလှောင်ခဲ့သော ဆန်တန်ချိန် ၁ ဒသမ ၅ သိန်းအား ဘေးအန္တရာယ်ကင်းရှင်းပါက ထိုင်းအစိုးရက လေလံတင်ရောင်းချမည်

ထိုင်းနိုင်ငံ၊ Surin ပြည်နယ်တွင် ဆယ်စုနှစ်တစ်ခုကြာ သိုလှောင်ထားသည့် ဆန်အိတ် ၁၅၀,၀၀၀ ကို ဆေးသိပ္ပံဦးစီးဌာနက လူအများစားသုံးရန်လုံခြုံစိတ်ချရမှုရှိကြောင်း ကြေညာသည်နှင့်တစ်ပြိုင်နက် ပြည်သူများသို့ လေလံတင်ရောင်းချနိုင်ရေးပြင်ဆင်ထားရန် ပြည်သူ့သိုလှောင်ရုံအဖွဲ့အစည်း (PWO) သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Phumtham Wechayachai က ညွှန်ကြားခဲ့ကြောင်းသိရသည်။ အဆိုပါဆန်များကို ပုဂ္ဂလိကကုမ္ပဏီများ၏ ဦးဆောင်မှုဖြင့် ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးခဲ့ပြီး သိုလှောင်ထားချိန်အတွင်း မီးခိုးမှိုင်းတိုက်မှုများမှ ဖြစ်ပေါ်လာနိုင်သော ကင်ဆာဖြစ်စေနိုင်သောဓာတုပစ္စည်းများနှင့် ဓာတုအကြွင်းအကျန်များကင်းရှင်းကြောင်းနှင့် ဆန်အရည်အသွေး၊ အာဟာရတန်ဖိုးတို့နှင့်ပတ်သက်၍ ဆေးသိပ္ပံဦးစီးဌာန၏ ရလဒ်များကို ဝန်ကြီးဌာနက စောင့်ဆိုင်းနေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆန်လေလံတင်ရောင်းချမှုအတွက် ဆန်ဝယ်ယူရေးဆိုင်ရာလိုအပ်ချက်များတွင် ဆန်လေလံတင်ဒါ အောင်မြင်သူသည် စာချုပ်ကိုစွန့်လွှတ်ခြင်း သို့မဟုတ် ပေးပို့ရန်နှောင့်နှေးခြင်းမရှိစေရဆိုသည့်အချက်များကို PWO မှ ထည့်သွင်းဆောင်ရွက်သွားရန် Phumtham က ပြောကြားခဲ့သည်။ ဆန်လေလံတင်ဒါအောင်မြင်သူသည် သတ်မှတ်အချိန်ကာလအတွင်း ဆန်ဝယ်ယူမှုနှင့် စပ်လျဉ်းသည့် စာချုပ်ပါအချက်များကို လိုက်နာရန်ပျက်ကွက်ပါက တင်ဒါအသစ်ထပ်မံခေါ်ယူမှုမပြုဘဲ ဒုတိယအမြင့်ဆုံးတင်ဒါ

အောင်မြင်သူအား စာချုပ်ကိုပေးအပ်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးက ပြောကြားခဲ့သည်။ လေလံအောင်မြင်ရန် အလားအလာရှိသူများသည် ဆေးသိပ္ပံဌာန၏စစ်ဆေးမှုရလဒ်များကို စောင့်ဆိုင်းနေကြမည်ဖြစ်ပြီး ၎င်းတို့ ကိုယ်တိုင်လည်း စမ်းသပ်မှုများပြုလုပ်ကြမည်ဟု ယုံကြည်ကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

ဝန်ကြီးက ကာလကြာသိုလှောင်ထားသောဆန်ဟောင်းများသည် စားသုံးရန်လုံခြုံစိတ်ချရမှုရှိပြီး လွန်ခဲ့သောသီတင်းပတ်က မိမိမှာအဆိုပါဆန်များကိုစားသုံးခဲ့သော်လည်း မကောင်းသောအကျိုးသက်ရောက်မှုများ ခံစားရမှုမရှိခဲ့ကြောင်းနှင့် ၎င်းဆန်ဟောင်းများကို တစ်ကီလိုဂရမ်လျှင် ၅ ဘတ်မျှသာရရှိနိုင်မည့် ဆန်ညှို့အဖြစ် လေလံတင်ရောင်းချခြင်းထက် ယခုကဲ့သို့ စားသုံးခြင်းက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ယခင်ဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်ထရာ အစိုးရ၏ ဆန်အပေါင်ခံထားသည့်အစီအစဉ်အရပြုလုပ်ခဲ့သည့် လေလံပွဲများကို ရည်ညွှန်းပြောကြားခဲ့သည်။

Source: Thai PBS World, 20th May, 2024. (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),,Source: https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_28052024_1002

## အိန္ဒိယနိုင်ငံ၌ ကုလားပဲအား အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုပြီး စားတော်ပဲ တင်သွင်းခွင့်ကာလကို သက်တမ်းတိုးမြှင့်

ပြည်တွင်းဈေးကွက်၌ ပဲမျိုးစုံဈေးနှုန်းများကျဆင်းမည့် လက္ခဏာမရှိသည့်အခြေအနေတွင် အိန္ဒိယအစိုးရသည် ရောင်းလိုအားမြှင့်တင်ရေး ဆောင်ရွက်ချက်အဖြစ် ကုလားပဲတင်သွင်းမှုအပေါ် အခွန်ကောက်ခံခြင်းကို ဖယ်ရှားခဲ့သည့်အပြင် စားတော်ပဲများအား တင်သွင်းခွင့်ပြုသည့်ကာလကိုလည်း ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ကုလားပဲတင်သွင်းမှုအပေါ် စည်းကြပ်သတ်မှတ်ထားသည့် ပုံမှန်အခွန်နှုန်းထားမှာ ၆၆ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ မေလ ၅ ရက်နေ့၊ သောကြာနေ့ညပိုင်း၌ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံတော်ပြန်တမ်းမှတစ်ဆင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာတွင် ကုလားပဲတင်သွင်းမှုအပေါ် ကောက်ခံသည့် သွင်းကုန်အခွန်အား သုညရာခိုင်နှုန်းအထိ လျှော့ချမှုသည် ၂၀၂၄ ခုနှစ်၊ မေလ ၄ ရက်နေ့မှစတင် အကျိုး သက်ရောက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယအစိုးရသည် ဧပြီလအစောပိုင်းတွင် ကုလားပဲ၏နေရာ၌ အစားထိုးသုံးစွဲနိုင်သည့် စားတော်ပဲများအား အကောက်ခွန်လွတ် တင်သွင်းခွင့်ကို ၂ လ တိုးမြှင့်လျက် ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ သက်တမ်း တိုးထားခဲ့သည်။ ပြည်တွင်းထုတ်လုပ်မှုမှ အထွက်လျော့နည်းနိုင်ခြေရှိသည့်အလျောက် အစိုးရသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ၌ ကုလားပဲများ အကောက်ခွန်လွတ် တင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ခွင့်ပြုခဲ့ပြီး ထိုသို့ တင်သွင်းခွင့်ကာလကို ဧပြီလ ၃၀ ရက်နေ့အထိ ဆက်လက်သက်တမ်းတိုးပေးခဲ့သည်။

ကုလားပဲ စိုက်ဧက လျော့ကျမှုအရ ထုတ်လုပ်မှုပမာဏသည်လည်း လိုက်ပါကျဆင်းသဖြင့် အိန္ဒိယနိုင်ငံ အလယ်ပိုင်းရှိ အဓိကစိုက်ပျိုးသော နယ်မြေဒေသများတွင် ကုလားပဲလက်ကားဈေးနှုန်းများမှာ အစိုးရကသတ်မှတ်သည့် အခြေခံရည်ညွှန်းဈေးနှုန်းဖြစ်သော တစ်ကွင်တယ် (၁၀၀ ကီလို ဂရမ်) လျှင် ရူပီး ၅,၄၄၀ နှုန်းကို ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ကျော်လွန်၍ ရောင်းဝယ်လျက်ရှိသည်။ အစိုးရ၏ ဒုတိယအကြိမ် သီးနှံအထွက်ခန့်မှန်းချက်အရ ကုလားပဲစိုက်ပျိုး ထုတ်လုပ်မှုသည် ယခင်နှစ်ထွက်ရှိမှု တန်ချိန် ၁၂ ဒသမ ၆၇ သိန်းမှ အနည်းငယ်လျော့ကျလျက် ၂၀၂၃-၂၄ ခုနှစ် သီးနှံရာသီတွင် တန်ချိန် ၁၂ ဒသမ ၆၁ သိန်း ခန့် ထွက်ရှိနိုင်မည်ဖြစ်သည်။

ကုလားပဲ၏ ဈေးနှုန်းများမြင့်တက်သည့်လမ်းကြောင်းသို့ ရောက်ရှိမှုသည် အစိုးရအေဂျင်စီများအတွက် အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် အရန်သိုလှောင်ထားရှိရန် ဝယ်ယူရေးဆောင်ရွက်ရာ၌ အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။ အမျိုးသားလယ်ယာထွက်ကုန်ဈေးကွက်မြှင့်တင်ရေး သမဝါယမအသင်းချုပ်လီမိတက် (NAFED)၏ အချက်အလက်စာရင်းတွင် ဖော်ပြချက်အရ လက်ရှိရာသီ၌ အရန်ရိက္ခာ ကုလားပဲဝယ်ယူနိုင်မှုမှာ တန်ချိန် ၇၆၅ တန်သာရှိကြောင်း သိရသည်။

ယခုနောက်ဆုံး မူဝါဒပြောင်းလဲမှုသည် ကောင်းမွန်သော လုပ်ဆောင်ချက်မဖြစ်နိုင်ဘဲ ရုရှား၊ ကနေဒါနှင့် သြစတြေးလျနိုင်ငံများရှိ တောင်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များကိုသာ အထောက်အပံ့ပြုမည်ဖြစ်ကြောင်း၊ ဈေးနှုန်းသက်သာသောကုန်များတင်သွင်းမှုသည် အိန္ဒိယနိုင်ငံလယ်သမားများ၏ အကျိုးစီးပွားနှင့် အနာဂတ် သီးနှံစိုက်ပျိုးမှုတို့ကို ထိခိုက်လိမ့်မည်ဖြစ်ကြောင်း၊ ကုန်တင်သွင်းမှုမှာ ပြဿနာမဟုတ်သော်လည်း အစိုးရအနေဖြင့် စားတော်ပဲတင်သွင်းမှုအပေါ် အခွန်စည်းကြပ်သင့်ကြောင်း၊ သို့မှသာ ၎င်း၏ ဆိပ်ကမ်းအရောက် ကုန်ကျမှုစရိတ်သည် ကုလားပဲအတွက် သတ်မှတ်ထားသော အခြေခံရည်ညွှန်းဈေးနှုန်းနှင့် နီးကပ်မှုရှိမည်ဖြစ်ကြောင်းဖြင့် အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း၏ ဥက္ကဋ္ဌ Bimal Kothari က ပြောကြားခဲ့သည်။

Mr. Kothari ၏ ပြောဆိုမှုအရ ရုရှား၊ ကနေဒါနှင့် အချို့သောဥရောပနိုင်ငံများ၌ စားတော်ပဲ စိုက်ပျိုးထုတ်လုပ်မှုသည် ရှေ့လာမည့် ဇူလိုင်လမှစတင် ရိတ်သိမ်းထွက်ပေါ်မည်ဖြစ်ပြီး စုစုပေါင်း တန်ချိန် ၉ သန်းခန့် ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း၊ ဇွန်လကုန်အထိ စားတော်ပဲ တန်ချိန် ၁ ဒသမ ၈ သန်းခန့်တင်သွင်းမှုရှိမည်ဟု အိန္ဒိယနိုင်ငံပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်းက ခန့်မှန်းထားပြီး သီးနှံရာသီအသစ်မှ ထွက်ပေါ်သော ကုန်စည်များ ကို ပိုမိုတင်သွင်းဖွယ်ရှိနိုင်ကြောင်း သိရသည်။

သွင်းကုန်အပေါ် အခွန်စည်းကြပ်မှုကို အစိုးရက ဖြေလျော့ခဲ့အပြီးတွင် ဩစတြေးလျမှ အိန္ဒိယနိုင်ငံသို့ ကုလားပဲ တင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၅ သိန်းမှ ၂ သိန်းခန့်ရှိလာနိုင်ကြောင်း၊ ဩစတြေးလျနိုင်ငံ၌ ကုလားပဲသီးနှံအသစ်သည် နိုဝင်ဘာလတွင် ထွက်ပေါ်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံပြည်တွင်း၌ ကုလားပဲ စတင်စိုက်ပျိုးမည့်ကာလနှင့် တိုက်ဆိုင်နေသဖြင့် အိန္ဒိယနိုင်ငံတောင်သူများ၏ စိုက်ပျိုးလုပ်ကိုင်လိုမှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း Mr. Kothari က ပြောကြားခဲ့သည်။ Igrain India ကုမ္ပဏီမှ လုပ်ငန်းရှင် Rahul Chauhan ကလည်း ကုလားပဲ တင်သွင်းမှုအပေါ် အခွန်လျှော့ချခြင်းမှာ ကြိုဆိုရမည့် အချက်ဖြစ်သော်လည်း ကာလကြာရှည်စွာ ဈေးကောင်းရရှိ နေခဲ့သော တောင်သူများ၏အမြင်တွင် ကောင်းမွန်မှုမရှိကြောင်း၊ ပြည်တွင်း၌ ကုလားပဲစိုက်ပျိုးထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းခန့်သည် ဈေးကွက်အတွင်းသို့ရောက်ရှိပြီးဖြစ်ရာ ကျန်ရှိသော ပမာဏကို သိုလှောင်ထားရှိသူများ အပေါ် တွင်သာ သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံသည် တန်ဇန်နီးယားကဲ့သို့သော ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများထံမှ ကုလားပဲများကို အခွန်နှုန်းထား သုညရာခိုင်နှုန်းအထိလျှော့ချ၍ တင်သွင်းခဲ့ချိန်၌ ဩစတြေးလျကဲ့သို့ ကုလားပဲအဓိကစိုက်ပျိုးထုတ်လုပ်သူများသည် အိန္ဒိယဈေးကွက်သို့ တင်ပို့နိုင်စွမ်း ကင်းမဲ့နေခဲ့ရသည်။ အိန္ဒိယနိုင်ငံ၏ ကုလားပဲတင်သွင်းမှုမှာ ၂၀၂၂-၂၃ ခုနှစ်၌ တင်သွင်းခဲ့သော တန်ချိန် ၅၉,၂၅၅ တန်ထက် နှစ်ဆကျော်ပိုမိုလျက် ၂၀၂၃-၂၄ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၄၉ သိန်းခန့်ရှိခဲ့ကြောင်း သိရသည်။

Source: The Hindu Business Line, 4 May 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_13052024_1256

## အိန္ဒိယတစ်ဝန်း လက်ဖက်ထုတ်လုပ်မှု ကီလိုဂရမ် ၁၃ သန်းကျဆင်းခဲ့

အိန္ဒိယနိုင်ငံသည် ၂၀၂၄ ရာသီချိန်တွင် လက်ဖက်လုပ်ငန်းမှာကျဆင်းလျက်ရှိပြီး လက်ဖက်ဘုတ်အဖွဲ့မှ ထုတ်ပြန်ထားသည့်အချက်အလက်များအရ အိန္ဒိယနိုင်ငံမြောက်ပိုင်း (အာသံနှင့်အနောက်ဘင်္ဂလား) လက်ဖက်ခြောက်ထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ကီလိုဂရမ် ၂၁ သန်းကျော်ကျဆင်းခဲ့ပြီး အိန္ဒိယတစ်နိုင်ငံလုံး၏ထုတ်လုပ်မှုမှာမူ ကီလိုဂရမ် ၁၃ သန်းကျော်လျော့နည်းခဲ့ကြောင်း သိရသည်။

အာသံနှင့်အနောက်ဘင်္ဂလားပြည်နယ်တို့တွင် မိုးရွာသွန်းမှုလျော့နည်းခြင်းနှင့် အပူချိန်မြင့်မားမှုများကြောင့် လက်ဖက်ထုတ်လုပ်မှုကို ဆိုးရွားစွာထိခိုက်စေခဲ့ကြောင်း၊ ထို့ပြင် ဧပြီလအတွင်း အာသံပြည်နယ်၊ ဘားရက်ချိုင့်ဝှမ်းရှိ လက်ဖက်ခြံ အများအပြားတွင် မိုးကြိုးမုန်တိုင်းနှင့် မိုးသီးများ သည်းထန်စွာရွာသွန်းမှုကြောင့် ဒေသအတွင်းရှိ လက်ဖက်စိုက်တောင်သူများအနေဖြင့် လက်ဖက်ထုတ်လုပ်မှုအတွက် ပိုမိုစိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

လက်ဖက်ဘုတ်အဖွဲ့၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီမှ မတ်လအတွင်း ရရှိသောအချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် လက်ဖက်ဈေးနှုန်းများသည် အိန္ဒိယနိုင်ငံရှိ ရောင်းဝယ်ရေးစင်တာများအားလုံးတွင် ဆက်လက်ကျဆင်းနေပြီး လက်ဖက်ထုတ်လုပ်သူများ၏ဝင်ငွေအပေါ် ဆိုးရွားစွာထိခိုက်စေခဲ့ကြောင်း၊ လက်ဖက်ဈေးနှုန်းများသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ၁၆ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏နာမည်ကြီး လက်ဖက်ခြောက်တစ်မျိုးဖြစ်သည့် Darjeeling လက်ဖက်ခြောက်မှာလည်း အထွက်နှုန်းနှင့် ဈေးနှုန်းများကျဆင်းမှုကြောင့် စိန်ခေါ်မှုအခက်အခဲများကို ပိုမိုကြုံတွေ့နေရကြောင်း၊ နီပေါမှ လက်ဖက်များ ဝင်ရောက်လာခြင်းသည် Darjeeling ၏အခက်အခဲများကို ပိုမိုမြင့်တက်စေကြောင်း၊ အစိုးရ၏ ငွေကြေးထောက်ပံ့မှုအစီအစဉ်များမရှိပါက Darjeeling လုပ်ငန်းအတွက် ရင်သန်ရပ်တည်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Indian Tea Association က ၎င်းတို့၏အစီရင်ခံစာတွင် လွှတ်တော်၏ ကုန်သွယ်ရေးဆိုင်ရာအမြဲတမ်းကော်မတီမှ ထောက်ခံထားသော Darjeeling လက်ဖက်ကဏ္ဍအတွက် ဘဏ္ဍာရေးပြန်လည်နိုးထမှုအစီအစဉ်ကို သက်တမ်းတိုးရန် အစိုးရအား တိုက်တွန်းထားကြောင်း သိရသည်။Source: Production of tea down over India by 13 million kg, The Economic Times, 9 May 2024. (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-13052024-13:20

## ကမ္ဘောဒီးယားနိုင်ငံမှ ငရုတ်ကောင်းများ တရုတ်နိုင်ငံသို့ တင်ပို့မှုစတင်

ကမ္ဘောဒီးယားနိုင်ငံသည် အရေးပါသော လုပ်ဆောင်မှုတစ်ရပ်အဖြစ် ၎င်း၏အကြီးမားဆုံး ကုန်သွယ်ဘက်ဖြစ်သည့် တရုတ်နိုင်ငံသို့ ငရုတ်ကောင်းများတင်ပို့မှုကို ယခင်လ၌ စတင်လိုက်ခြင်းဖြင့် ထိုသို့တင်ပို့နိုင်ရေး နှစ်ကာလကြာမြင့်စွာ ပြင်ဆင်ခဲ့ရမှုကို အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်ဈေးကွက်သို့ ကမ္ဘောဒီးယား၏ ပထမဆုံး ဟင်းခတ်အမွှေးအကြိုင်ကုန်စည်အဖြစ် ငရုတ်ကောင်း တန်ချိန် ၃၀ ကို ၂၀၂၄ ခုနှစ် ဧပြီလ ၁၀ ရက်နှင့် ၂၀ ရက်နေ့တို့တွင် တရုတ်နိုင်ငံ၊ Qingdao မြို့သို့ တင်ပို့ခဲ့သည်ဟု နိုင်ငံပိုင်ရုပ်မြင်သံကြားလိုင်းဖြစ်သော TVK က ၂၀၂၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ဖော်ပြခဲ့သည်။ အလားတူ Sela Pepper Co. Ltd ကလည်း တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် ငရုတ်ကောင်းတင်ပို့မှုကို ဧပြီလ ၂၀ ရက်နေ့၌ စတင်ခဲ့ကြောင်း၊ ဒုတိယအသုတ် သဘော်တင်ပို့မှုကို ၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ထွက်ခွာရန်စီစဉ်ထားကြောင်း အတည်ပြုပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ကမ္ဘောဒီးယားနိုင်ငံမှထွက်ရှိသောငရုတ်ကောင်းများ သဘော်တင်ပို့ရန်အတွက်ခွင့်ပြုထားပြီဖြစ်ကြောင်းကို ဖနွမ်းပင်ရှိ တရုတ်သံရုံးက ၂၀၂၃ ခုနှစ် မေလ ၁၂ ရက်နေ့ကတည်းကပင် ကြေညာထားရာ ယခုကဲ့သို့ တင်ပို့နိုင်ရန်အတွက် တစ်နှစ်ကြာမျှ ကြိုးပမ်းခဲ့ရသည်။ တရုတ်ဈေးကွက်သို့ ငရုတ်ကောင်းတင်ပို့နိုင်မှုသည် ကမ္ဘောဒီးယား ငရုတ်ကောင်းလုပ်ငန်းကဏ္ဍ၌ အထူးသဖြင့် တောင်သူများအတွက် ကောင်းစွာအထောက် အပံ့ပြုမည်ဖြစ်သည်။

ကမ္ဘောဒီးယား ငရုတ်ကောင်းနှင့်ဟင်းခတ်အမွှေးအကြိုင်အသင်းချုပ် (Cambodia Pepper and Spices Federation – CPSF) မှ အမှုဆောင်ဒါရိုက်တာ Vannal Van က မကြာသေးမီက တရုတ်နိုင်ငံသို့ ငရုတ်ကောင်း တိုက်ရိုက်တင်ပို့နိုင်မှုသည် နိုင်ငံ၏စီးပွားရေးအတွက် အရေးပါသည့် အခွင့်အလမ်းတစ်ရပ်ကို ပြသခြင်းပင်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံရှိ ကြီးမားသော စားသုံးသူဈေးကွက်သည် ကမ္ဘောဒီးယား ငရုတ်ကောင်းတင်ပို့သူများကို ဈေးကွက်အလားအလာအသစ်များဖြင့် ကမ်းလှမ်းလျက်ရှိကြောင်း၊ ကမ္ဘောဒီးယား ငရုတ်ကောင်းအပေါ် ဝယ်လိုအားမြင့်တက်လာမှုသည် ပြည်တွင်းကုန်ထုတ်လုပ်မှုကို လှုံ့ဆော်နိုင်မည်ဖြစ်ပြီး ဈေးကောင်းရရှိမှုမှတစ်ဆင့် ငရုတ်ကောင်း စိုက်ပျိုးထုတ်လုပ်မှုတွင် ပိုမိုပါဝင်လုပ်ကိုင်စေလျက် တောင်သူများနှင့် ကျေးလက်နေပြည်သူများကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သို့သော်လုပ်ငန်းနယ်ပယ်ကို ကြီးမားသည့်အဆင့်သို့ လက်ငင်းရောက်ရှိနိုင်ရေးအတွက် အဓိကကန့်သတ်ချက်အဖြစ် ငရုတ်ကောင်းစိုက်ပျိုးသည့် တောင်သူများနှင့်တရုတ်နိုင်ငံ အကောက်ခွန်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဌာန(GACC)၌ မှတ်ပုံတင်ပြီးသည့် ပြုပြင်ထုတ်လုပ်သူများ၏ အရေအတွက်မှာ အကန့်အသတ်ဖြင့်သာ ရှိနေသေးကြောင်း ပြောကြားခဲ့သည်။

အစောပိုင်းကာလများတွင် ကမ္ဘောဒီးယားနိုင်ငံသည် ငရုတ်ကောင်းနမူနာများကို တရုတ်နိုင်ငံရှိ ဝယ်လက်များထံသို့ ပေးပို့ထားခဲ့ပြီး ပြည်ပတင်ပို့နိုင်ရေးအတွက် မြေပြင်၌ လိုအပ်သည်များကို ပြင်ဆင်ခဲ့သည်။ တရုတ်နိုင်ငံရှိ GACC ဌာနသည် ကမ္ဘောဒီးယားနိုင်ငံမှ လျှောက်ထားသော ပို့ကုန်အဆိုပြုလွှာများကို ၂၀၂၃ ခုနှစ် မေလတွင် သဘောတူအတည်ပြုခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံမှ ထွက်ရှိသော ငရုတ်ကောင်းကို အမေရိကန်၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကမြောက်ပိုင်း ဒေသများ ကလည်းဝယ်ယူရန် စိတ်ဝင်စားမှုရှိပြီး ကမ္ဘောဒီးယား ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင်အသင်းချုပ်သည် အဆိုပါ ဒေသများသို့ ဈေးကွက်ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေလျက်ရှိသည်။

ကမ္ဘောဒီးယားစိုက်ပျိုးရေး၊သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန၏အချက်အလက်များအရ ငရုတ်ကောင်း စိုက်ပျိုးမှုမှာ ၆,၈၃၅ ဟက်တာရှိကြောင်း၊ ယခုနှစ် ပထမသုံးလပတ်အတွင်း ငရုတ်ကောင်း တင်ပို့မှုမှာ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၀ သန်းခန့် ရှိပြီး ကမ္ဘောဒီးယားဈေးကွက်တွင် လက်ရှိကာလ၌ ငရုတ်ကောင်းအနက်၏ ဈေးနှုန်းသည် မက်ထရစ်တစ်တန်လျှင် ဒေါ်လာ ၄,၀၀၀မှ ၄,၅၀၀ အတွင်းရှိကြောင်း၊ ယင်းပမာဏသည်ယခင်နှစ်ကထက်ဒေါ်လာ ၁,၀၀၀ ခန့်ပိုမိုလာခြင်းဖြစ်ကြောင်းသိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် Kampot ပြည်နယ်မှထွက်ရှိသော ပထဝီဒေသဆိုင်ရာအညွှန်း (GI) ရရှိထားသည့် ငရုတ်ကောင်းနှင့် ငရုတ်ကောင်းအရောအနှော၊ ကောင်းမွန်သောလယ်ယာ စိုက်ပျိုးရေး အလေ့အထကျင့်သုံး စိုက်ပျိုးသည့် ငရုတ်ကောင်းနှင့် အော်ဂဲနစ်ငရုတ်ကောင်းများအပါအဝင် GI မပါရှိသော ငရုတ်ကောင်းများကို ပြည်ပသို့တင်ပို့ လျက်ရှိသည်။ GI အညွှန်းဖော်ပြပါရှိသည့် ငရုတ်ကောင်းအများစုမှာ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာဈေးကွက်များသို့ ငရုတ်ကောင်း တန်ချိန် ၆,၁၅၃ တန် တင်ပို့ခဲ့ရာ ယခင်နှစ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ၂၆ ဒသမ ၇၆ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဈေးနှုန်းနိမ့်ကျမှုအရ ထုတ်ကုန်များကို တောင်သူများမှ ဈေးကွက်အတွင်းသို့ ရောင်းချမှုမရှိသဖြင့် ပြည်ပတင်ပို့မှု ကျဆင်းခဲ့ရကြောင်း Khmer Times သတင်းဌာနက ဖော်ပြထားသည်။ Source: Khmer Times, 8 May 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_13052024_101

## ဗီယက်နမ်နိုင်ငံမှ လိုင်ချီးစ်သီးများ ဩစတြေးလျနိုင်ငံရှိ ဆူပါမားကက်များတွင် ရောင်းချလျက်ရှိ

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း Hai Duong ပြည်နယ်၊ Thanh Ha ခရိုင်မှ လိုင်ချီးစ်သီးများကို ဩစတြေးလျနိုင်ငံရှိ Market Place ဆူပါမားကက်တွင် ရောင်းချခဲ့ကြောင်း၊ လိုင်ချီးစ်သီးများကို တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် ၅၉၄,၀၀၀ (အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄) ရောင်းချလျက်ရှိကြောင်း Voice of Vietnam (VOV) က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ ဩစတြေးလျနိုင်ငံသို့ Thanh Ha lychees တစ်တန်နီးပါးကို Red Dragon Service Trading Manufacture Co., Ltd မှ မေလ ၁၄ ရက်က လေကြောင်းဖြင့် တင်ပို့ခဲ့ကြောင်း၊ Mai Xuan Thin ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူမှ ကုမ္ပဏီသည် VietGAP နှင့် GlobalGAP စံနှုန်းများနှင့် ကိုက်ညီသော Thanh Ha ခရိုင်ရှိ စိုက်ခင်းများစွာမှ လိုင်ချီးစ်များကို ဝယ်ယူခဲ့ကြောင်း ပြောကြားခဲ့သည်။ ကုမ္ပဏီသည် တင်ပို့ရန်အတွက် တစ်ရက်လျှင် လိုင်ချီးစ်သီး ၁၀ တန်မှ ၁၅ တန်ကြား ဝယ်ယူရန် စီစဉ်ထားကြောင်း သိရသည်။ Source : The Saigon Times, (စီးပွားရေးသံမှူး၊ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_230520240200

## ၂၀၂၄ ခုနှစ် မတ်လတွင် မလေးရှားနိုင်ငံ၏ ရော်ဘာထုတ်လုပ်မှု ၉ ဒသမ ၂ ရာခိုင်နှုန်းကျဆင်း

မလေးရှားနိုင်ငံ၏ သဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ၂၉,၆၉၁ တန်ရှိရာမှ ၉ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းလျက် မတ်လတွင် ၂၆,၉၆၆ တန်သာ ထုတ်လုပ်နိုင်ခဲ့သည်ဟု မလေးရှား စာရင်းအင်း ဦးစီးဌာန (DOSM) ၏ ၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်နေ့၌ ထုတ်ပြန်သည့် အချက်အလက်များအရ သိရှိရကြောင်း မလေးရှားနိုင်ငံ အခြေစိုက်သဘာဝရော်ဘာ ထုတ်လုပ်သည့်နိုင်ငံများအသင်း (The Association of Natural Rubber Producing Countries – ANRPC) က ဖော်ပြသည်။

မလေးရှား စာရင်းအင်းဦးစီးဌာန (DOSM) ၏ ထုတ်ပြန်ချက်တွင် နှစ်အလိုက် ရော်ဘာထုတ်လုပ်မှုအား နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ် မတ်လ၌ ၂၇,၁၈၈ တန်ရှိခဲ့သည့်အတွက် ယခုနှစ် မတ်လတွင် သုည ဒသမ ၈ ရာခိုင်နှုန်း ခန့်ကျဆင်းခဲ့ကြောင်း၊ မလေးရှားနိုင်ငံ၌ စုစုပေါင်း သဘာဝရော်ဘာ လက်ကျန်ပမာဏမှာ ဖေဖော်ဝါရီလတွင် တန်ချိန် ၂၂၉,၉၄၀ ရှိရာမှ မတ်လ၌ တန်ချိန် ၂၂၂,၄၅၅ တန်သို့ ၃ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သို့သော် ပြည်ပသို့ သဘာဝရော်ဘာတင်ပို့မှုအနေဖြင့် မတ်လတွင် ၅၈,၉၆၅ တန်ရှိရာ ဖေဖော်ဝါရီလ၌ တင်ပို့မှု ၅၅,၀၈၃ တန်အပေါ် ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

မတ်လအတွင်း ပြည်ပသို့ရော်ဘာတင်ပို့မှု ဈေးကွက်ဝေစုအနေဖြင့် တရုတ်နိုင်ငံသည် စုစုပေါင်း တင်ပို့မှု ၏ ၄၈ ဒသမ ၉ ရာခိုင်နှုန်း၊ ဂျာမနီသည် ၉ ဒသမ ၃ ရာခိုင်နှုန်း၊ အာရပ်စော်ဘွားများပြည်ထောင်စုသည် ၉ ဒသမ ၂ ရာခိုင်နှုန်း၊ အိန္ဒိယသည် ၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် ပါကစ္စတန်သည် ၄ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ကြောင်း သိ ရသည်။ အဓိကအားဖြင့် လက်အိတ်၊ တာယာ၊ မော်တော်ယာဉ်ကျွတ်နှင့် ရော်ဘာကြိုးစသည့် သဘာဝရော်ဘာ အခြေခံထုတ်ကုန်များအား တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြသည်။

မတ်လအတွင်း လက်အိတ်များအား မလေးရှားရင်းဂစ် ၁ ဒသမ ၁၄ ဘီလီယံ (အမေရိကန် ဒေါ်လာသန်း ၂၄၀) တန်ဖိုးရှိသော ရော်ဘာအခြေခံထုတ်ကုန်များအဖြစ် အဓိကတင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလတွင် တင်ပို့မှုမှာ ရင်းဂစ် ၁ ဒသမ ၁ ဘီလီယံဖြစ်သည့်အတွက် ၃ ဒသမ ၉ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း သိရသည်။

Source: ANRPC, 14 May 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_20052024_351

## ဗီယက်နမ်နိုင်ငံ၏ ရော်ဘာ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၄၃ သန်းရရှိ

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမလေးလအတွင်း ရော်ဘာတန်ချိန် ၄၉၉,၀၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၄၃ သန်း ရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

တင်ပို့မှုပမာဏအားဖြင့် တစ်နှစ်ထက်တစ်နှစ် ပမာဏအားဖြင့် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးလာပြီး တန်ဖိုး အားဖြင့် ၁၃ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း၊ တရုတ်နိုင်ငံသည် တန်ချိန် ၃၈၄,၀၀၀ ဖြင့် ဗီယက်နမ်၏ အကြီးဆုံးဈေးကွက်တွင် ရပ်တည်လျက်ရှိနေပြီး ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၅၄၄ သန်းနီးပါးရှိကြောင်း သိရသည်။ ၎င်းနောက်တွင် အိန္ဒိယမှ တန်ချိန် ၃၈,၅၀၀ တင်ပို့ရပြီး အမေရိကန်ဒေါ်လာသန်း ၆၀ ခန့်ရှိကြောင်း သိရသည်။

ဗီယက်နမ်ရော်ဘာအသင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ဗိုဟမ်အန်းက ဥရောပသမဂ္ဂ (EU) သည် အရေးပါပြီး အလားအလာရှိသော ဈေးကွက်တစ်ခု ဖြစ်နေဆဲဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အီးယူသို့ ရော်ဘာ တင်ပို့မှု စုစုပေါင်းပမာဏမှာ

တန်ချိန် ၆၆,၄၇၀ ကျော်ဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၃ သန်းနီးပါးရှိပြီး တတိယတင်သွင်းသူဖြစ်ကြောင်းပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံနှင့် နယ်မြေ ၈၀ ကျော်သို့ ရော်ဘာတင်ပို့ခဲ့ကြောင်း၊ ဗီယက်နမ်တွင် စုစုပေါင်း ရော်ဘာစိုက်ပျိုးဧရိယာမှာ ၉၁၈,၀၀၀ ဟက်တာရှိကြောင်း၊ ၎င်းတို့အနက် ဟက်တာ ၂၀၀,၀၀၀ ကျော်သည် ဗီယက်နမ်နိုင်ငံ သစ်တောအသိအမှတ်ပြုလက်မှတ်စနစ် (VFCS) နှင့် သစ်တော အသိအမှတ်ပြုလက်မှတ် (PEFC) တို့၏ ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှု စံနှုန်းများနှင့် ကိုက်ညီမှုရှိကြောင်း သိရသည်။ Source: Vietnam News , (စီးပွားရေးသံမှူးဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_210520241000

## ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် နိုင်ငံတကာအစားအသောက်နှင့်အဖျော်ယမကာပြပွဲ(HCMC Foodex 2024)ကျင်းပ

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် နိုင်ငံတကာ အစားအသောက်နှင့် အဖျော်ယမကာပြပွဲ (HCMC Foodex 2024) ကို မေလ ၁၅ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီး ပြည်တွင်းနှင့် ပြည်ပလုပ်ငန်းပေါင်း ၄၀၀ နီးပါးက ၎င်းတို့၏ ထုတ်ကုန်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါလေးရက်တာ ခင်းကျင်းပြသသည့် (HCMC Foodex 2024) အခမ်းအနားအား "တန်ဖိုးများနှင့် ဖွံ့ဖြိုးတိုးတက်မှု အပြန်အလှန် ချိတ်ဆက်မှု" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ပြခန်း ၅၀၀ ခန့် ပါဝင်ကာ အစားအသောက်နှင့် စိုက်ပျိုးရေးထွက်ကုန်များ၊ ကုန်ကြမ်း သို့မဟုတ် တစ်ဝက်တစ်ပျက် ပြုပြင်မွမ်းမံထားသော ပုံစံများအား ပြသထားကြောင်း၊ အဆိုပါပြပွဲသည် စီးပွားရေးလုပ်ငန်းများအတွက် စားသုံးသူများကို ရှာဖွေရန်နှင့် မိတ်ဖက်များထူထောင်ရန် အခွင့်အလမ်းပေးမည်ဖြစ်ပါကြောင်း၊ ပြပွဲတွင် ဧည့်သည် ၁၈၀၀၀ ကို ဆွဲဆောင်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပြပွဲသည် စီးပွားရေးလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု ပြန်လည်ကောင်းမွန်လာစေရန်နှင့် ဟိုချီမင်းမြို့၏ စားသောက်ကုန်ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုတို့ကို မိတ်ဆက်ပေးရန် မျှော်လင့်ကြောင်းဖြင့် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ငုယင်ဗန်ဒွန်းက ပြောကြားခဲ့သည်။

ပြည်တွင်းပြည်ပ ဈေးကွက်ချဲ့ထွင်ရေး လုပ်ငန်းများကို ပံ့ပိုးကူညီရန်အတွက် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ဟိုချီမင်းမြို့သည် ၂၀၂၄ ခုနှစ် ပထမလေးလပတ်တွင် စုစုပေါင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၀၅ ဘီလီယံရှိခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ၁၈ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကြောင်း ဖော်ပြထားသည်။ Source: Vietnam Economic Times,(စီးပွားရေးသံမှူးဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_210520241040

## တရုတ်နိုင်ငံသို့ ပို့နေသည့် သရက်သီးဈေးကောင်း မရဘဲအရှုံးပေါ်နေ

တရုတ်နိုင်ငံသို့ တင်ပို့နေသည့် သရက်သီးဈေးကွက်သည် ဈေးကောင်းမရရှိခြင်းကြောင့် တင်ပို့သူများ အရှုံးပေါ်နေကြောင်း သစ်သီးကုန်သည်များ၏ ပြောပြချက်အရသိရသည်။ မေလဆန်းပိုင်းတွင် စိန်တလုံးသရက်သီးများ မိုင်းလား - တာလော့ ဂိတ်မှတဆင့် တရားဝင်တင်ပို့လျက်ရှိပြီး တစ်ဖက်နိုင်ငံ၏ သရက်သီး ပေါက်ဈေးမှာ ၁၆ ကီလိုတစ်ခြင်းလျှင် ယွမ် ၁၀၀ – ၁၂၀ ပေါက်ဈေးရှိပြီး ရွှေဟသာ ၁၆ ကီလိုတစ်ခြင်းလျှင် ယွမ် ၆၀၊ ၇၀ သာ ပေါက်ဈေးရှိသဖြင့် တင်ပို့ကုန်သွယ်ရသည့်စရိတ်မှာ ကားတစ်စီးလျှင် ငွေကျပ် သိန်း ၁၆၀ ခန့် ကုန်ကျစရိတ်ရှိခြင်းကြောင့် သရက်သီးတင်ပို့သူများဆုံးရှုံးမှုရှိနေကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ တင်ပို့သည့် သရက်သီးများမှာ ၁၆ ကီလို တစ်ခြင်းလျှင် ယွမ် ၁၀၀–၁၂၀ ပေါက်ဈေးရှိသဖြင့် မြန်မာငွေဖြင့် ပြန်လည်တွက်ချက်ပါက တစ်ခြင်းလျှင် ငွေကျပ် ၆၀,၀၀၀ ခန့် ရရှိသော်လည်း တင်ပို့စရိတ် မြင့်မားခြင်းကြောင့် ပြည်တွင်းဈေးကွက်ကိုသာ ရောင်းချနေရကြောင်းသိရသည်။ ထိုသို့ ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ပြည်တွင်းဈေးကွက်၌ သရက်သီးတစ်ခြင်းလျှင် ငွေကျပ် ၄၀၀၀၀–၄၅၀၀၀ ဖြင့်သာ ရောင်းချနေရကြောင်းလည်း သိရသည်။

Source: https://t.me/popularjournal

Source: https://myantrade.gov.mm/article/naypyitaw_20052024_1017

## တောင်သူများထံမှ ပဲမျိုးစုံနှင့် ကြက်သွန်နီဝယ်ယူရရှိရေး ကြိုတင်မှတ်ပုံတင်ရန် အိန္ဒိယအစိုးရစီစဉ်

အိန္ဒိယနိုင်ငံတွင် လာမည့်မိုးသီးနှံရာသီ၌ စိုက်ပျိုးထုတ်လုပ်မှုမှထွက်ရှိမည့် ပဲစင်းငုံ၊ မတ်ပဲနှင့် ကြက်သွန်နီတို့ကို အရန်ရိက္ခာထားရှိရေး ဝယ်ယူရန်အတွက် တောင်သူများအနေဖြင့် စားသုံးသူရေးရာဝန်ကြီးဌာန၏ အချက်အလက်စကြ်န်တွင်

ကြိုတင်မှတ်ပုံရန် အစိုးရဝယ်ယူရေးအေဂျင်စီများဖြစ်သော အမျိုးသားလယ်ယာထွက်ကုန်သမဝါယမစျေးကွက်အသင်းချုပ် (NAFED) နှင့် အမျိုးသားစားသုံးသူ သမဝါယမအသင်းချုပ် (NCCF) တို့က တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစိုးရအရာရှိများ၏ ပြောဆိုချက်အရ တောင်သူများ၏ ကြိုတင်မှတ်ပုံတင် စာရင်းပေးမှုမှတစ်ဆင့် ဝယ်ယူရရှိနိုင်မည့် သီးနှံပမာဏကို အကဲဖြတ်ချင့်ချိန်လျက် ပဲမျိုးစုံနှင့် ကြက်သွန်နီတို့၏ သိုလှောင်မှု၊ ဖြန့်ဖြူးမှုစသည့် ထောက်ပံ့ပို့ဆောင်ရေး အစီအမံများကို အစိုးရအေဂျင်စီများက လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရ၏ အချက်အလက်စကြံနှင့် မှတ်ပုံတင်ထား သော်လည်း အစိုးရကကမ်းလှမ်းသည့် စျေးနှုန်းထက် ပုဂ္ဂလိကကုန်သည်များ၏ စျေးနှုန်းက ပိုမိုမြင့်မားမှုရှိပါက တောင်သူများ အနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များကို လွတ်လပ်စွာရောင်းချနိုင်ခွင့်ရှိမည်ဖြစ်ကြောင်း Financial Express သတင်းဌာနက ဖော်ပြသည်။

ပဲစင်းငုံ ဝယ်ယူရေးကိုသမားရိုးကျ ဆောင်ရွက်လေ့မရှိသော ဘီဟာ၊ ဥတ္တရပရာဒေ့ရှ်နှင့် ဂျားခန်ပြည်နယ်များ၌ လာမည့်မိုးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုမှ ဝယ်ယူရရှိနိုင်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို ထူထောင် ဆောင်ရွက်လျက်ရှိကြောင်း အစိုးရအရာရှိတစ်ဦးက ပြောဆိုခဲ့သည်။ အနိမ့်ဆုံး အခြေခံရည်ညွှန်းစျေးနှုန်းဖြင့် တောင်သူများ၏ ကုန်စည်များအား ရောင်းချနိုင်မှု သေချာခိုင်မာစေရေး ရည်ရွယ်ဆောင်ရွက်သော စျေးနှုန်းထောက်ပံ့မှု အစီအစဉ်အောက်၌ NAFED နှင့် NCCF တို့သည် ရာဂျပ်စတန်၊ မဒ္ဒရာပရာဒေ့ရှ်၊ ကာနာတကာနှင့် မဟာရဋ္ဌ ပြည်နယ်များရှိ တောင်သူများထံမှသာ ပဲမျိုးစုံဝယ်ယူခြင်းကို အဓိက ဆောင်ရွက်လေ့ရှိသည်။

အရန်ကြက်သွန်နီ ဝယ်ယူခြင်းကိုမူ မဟာရဋ္ဌပြည်နယ်၌သာ အဓိကထား လုပ်ဆောင်ခြင်းဖြစ်သည်။ အိန္ဒိယအစိုးရသည် လက်ရှိဘဏ္ဍာနှစ်အတွင်း ကြက်သွန်နီ တန်ချိန် ၅ သိန်း ဝယ်ယူ၍ အရန်ရိက္ခာထားရှိရန် လျာထားပြီး ကြက်သွန်နီ တစ်ကီလို ဂရမ် လျှင် ၁၇ ရူပီးမှ ၂၀ ရူပီးအတွင်းရှိ သောစျေးနှုန်းဖြင့် တောင်သူများထံမှ ဝယ်ယူခြင်းကို NCCF အသင်းချုပ်က လုပ်ကိုင် လျက်ရှိသည်။

Source: Financial Express, 16 May 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ စျေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့),Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_20052024_117

## ဗီယက်နမ်စျေးကွက်၌ ကော်ဖီစေ့စျေးနှုန်းများ ပြန်လည်ကျဆင်း

ဗီယက်နမ်နိုင်ငံတွင် ကော်ဖီစေ့ တစ်ကီလိုဂရမ်လျှင် ၅ ဒသမ ၁ အမေရိကန်ဒေါ်လာနှင့်ညီမျှသော ဗီယက်နမ် ဒေါင်ငွေ ၁၃၀,၀၀၀ ကျော်အထိရောက်ရှိပြီးနောက် ပြည်တွင်းကော်ဖီစျေးနှုန်းများသည် မကြာသေးမီရက်များအတွင်း သိသိသာသာ ကျဆင်းသွားခဲ့ကြောင်းသိရသည်။ ၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်နေ့၌ ကော်ဖီစေ့စျေးနှုန်းများသည် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၀၀,၀၀၀ ခန့် စျေးရှိနေပြီး တစ်ပတ်အတွင်း တစ်ကီလိုဂရမ်အပေါ် ဗီယက်နမ် ဒေါင် ၃၀,၀၀၀ အထိ လျော့ကျ သွားကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ကော်ဖီစိုက်ပျိုးရေး အချက်အချာနေရာဖြစ်သည့် ဗဟိုကုန်းပြင်မြင့်ပြည်နယ်များတွင် လက်ရှိ ကော်ဖီစေ့စျေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၀၀,၀၀၀ ဝန်းကျင်ဖြစ်ကြောင်းသိရသည်။

လန်ဒန်နှင့် နယူးယောက် ကုန်စည်စတော့စျေးကွက်များ အပါအဝင် ကမ္ဘာ့စျေးကွက်တွင် ရောင်းချသည့် ကော်ဖီစေ့ စျေးနှုန်းများ သိသာစွာကျဆင်းခဲ့သည်။ Intercontinental Exchange (ICE) တွင် ကော်ဖီစေ့ ကုန်လက်ကျန်များ ပြန်လည် ကောင်းမွန်လာခြင်းသည် ရောင်းလိုအားနှင့်ပတ်သက်၍ စိုးရိမ်မှုများကို ဖြေလျှော့ပေးခဲ့ပြီး ကော်ဖီစေ့စျေးနှုန်းများ ကျဆင်းစေခဲ့ သည်။ မေလ ၃ ရက်နေ့ ကုန်သွယ်ရောင်းဝယ်မှုတွင် ဇူလိုင်လ၌ သဘော်တင်ပေးပို့ ရမည့် အာရေးဘီကား ကော်ဖီစျေးနှုန်းသည် တစ်ပေါင်လျှင် ၂၀၀ ဒသမ ၇၅ ဒေါ်လာသို့ ကျဆင်းခဲ့ပြီး ၅ ဒသမ ၃၅ ဆင့် တန်ဖိုးလျော့ကျခဲ့ကြောင်း၊ ရိုဘတ်စတာ ကော်ဖီစေ့ စျေးနှုန်းသည် တစ်တန်လျှင် ၃,၅၄၁ ဒေါ်လာနှုန်းသို့ ကျဆင်းပြီး တစ်တန်အပေါ် ၁၃၉ ဒေါ်လာ တန်ဖိုးကျဆင်းလျက် ယခင်လ ထက် အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

ကျွမ်းကျင်သူများ၏အဆိုအရ ဗီယက်နမ်ပြည်တွင်း၌ ကော်ဖီစေ့စျေးနှုန်းများသည် မကြာသေးမီရက်များအတွင်း သိသိသာသာ ကျဆင်းလာခဲ့ပြီး ကမ္ဘာ့ကော်ဖီစေ့အရောင်း တိုးလာခြင်းကြောင့် ယခင်လတွင် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ ကြောင်း သိရသည်။

မကြာသေးမီက ကော်ဖီစျေးနှုန်းများ မြင့်တက်ရခြင်းမှာ အရောင်းကန့်သတ်ထားသည့်အတွက်ကြောင့်ဖြစ်ကြောင်း ဗဟိုကုန်းပြင်မြင့်ပြည်နယ်တစ်ခုဖြစ်သော Dak Lak ပြည်နယ်ရှိ ကော်ဖီတင်ပို့သည့် လုပ်ငန်းတစ်ခုက ပြောကြားခဲ့သည်။ ရောင်းလိုအားများလာသည့်အချိန်တွင် ကော်ဖီစျေးနှုန်းများ တည်ငြိမ်သွားလိမ့်မည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ဗီယက်နမ်

နိုင်ငံ၏ အဓိက ကော်ဖီစိုက်ပျိုးသည့်ဒေသများတွင် ယခင်သီတင်းပတ်က မိုးရွာသွန်းမှု က လာမည့်ရာသီ၌ သီးနှံထွက်ရှိနိုင်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုများကို သက်သာစေခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် ဘရာဇီးနိုင်ငံ၌ လာမည့်ကော်ဖီသီးဆွတ်ခူးသည့်ရာသီတွင် ကော်ဖီစေ့ဈေးနှုန်းနှင့် စပ်လျဉ်း၍ ကြုံတွေ့နေရသည့် ဖိအားများအားလျှော့ချပေးနိုင်သည့် ရောင်းအားအသစ်များဖန်တီးပေးနိုင်လိမ့်မည်ဟု စီးပွားရေးလုပ်ငန်းရှင်များက မျှော်လင့်ထားသည်။

စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံသည် ကော်ဖီ တန်ချိန် ၇၅၆,၀၀၀ တင်ပို့နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမ လေးလပတ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၇ ဘီလီယံ နီးပါး ရရှိကာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၅ ဒသမ ၄ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၅၇ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်းသိရသည်။

Source: Vietnam News, 6 May 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_13052024_104

## အိန္ဒိယဗဟိုဘဏ် (RBI)၏ရွှေဝယ်ယူမှုသည် ၂၀၂၃ ခုနှစ် တစ်နှစ်လုံးထက် ၂၀၂၄ ဇန်နဝါရီမှ ဧပြီလ အတွင်းတွင် ၁ ဒသမ ၅ ဆ မြင့်တက်

အိန္ဒိယဗဟိုဘဏ်(Reserve Bank of India)သည် ပထဝီနိုင်ငံရေးတင်းမာမှုများကြောင့် မတည်မငြိမ်ဖြစ်မှုမှ စီးပွားရေးဆိုင်ရာဆုံးရှုံးနိုင်ခြေများကိုကာကွယ်ရန်အတွက် ယခုနှစ် ဇန်နဝါရီမှ ဧပြီလအထိ လေးလအတွင်း အရန်ရွှေဝယ်ယူစုဆောင်းမှု အနေဖြင့် တန်ချိန် ၂၄ တန်အထိရှိခဲ့ကြောင်း၊ ယင်းသည်စိန်ခေါ်မှု အချိန်ကာလများအတွင်း အရန်မဟာဗျူဟာမြောက် ကွဲပြားခြားနားမှု၏အစိတ်အပိုင်းတစ်ခုဟု ယူဆနိုင်ကြောင်း The Economic Times တွင်ဖော်ပြထားသည်။

အိန္ဒိယဗဟိုဘဏ်၏အချက်အလက်များအရ ၂၀၂၃ ခုနှစ်တစ်နှစ်လုံးတွင်ရွှေအရန်တန်ချိန် ၁၆ တန်သာဝယ်ယူစုဆောင်းခဲ့သဖြင့် ယခုလေးလအတွင်း စုဆောင်းမှုသည် ယခင်နှစ်ထက် ၁ ဒသမ ၅ ဆ ပိုများကြောင်းနှင့် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ အထိ နိုင်ငံခြားအရန်ငွေ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရွှေစုဆောင်းထားရှိမှုမှာ ၈၂၇ ဒသမ ၆၉ တန်ရှိကြောင်း သိရသည်။

အိန္ဒိယပြည်သူများ၏ ရွှေဝယ်ယူစုဆောင်းမှုများကြောင့် ကမ္ဘာတွင်ရွှေကိုအများဆုံးသုံးစွဲသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း နိုင်ငံ၏ဗဟိုဘဏ်သည် ရွှေအရန်စုဆောင်းမှုတွင် တက်ကြွစွာဆောင်ရွက်မှုအားနည်းခဲ့ကြောင်း၊ နိုင်ငံခြားငွေ အကျပ်အတည်းနှင့်ရင်ဆိုင်ရစဉ် ၁၉၉၁ ခုနှစ်တွင် ၎င်း၏ရွှေအရန်စုဆောင်းမှုကိုစတင်ဆောင်ရွက်ချိန်၌ ပြင်းထန်သော ဝေဖန်မှုများ ထွက်ပေါ်လာခဲ့ကြောင်း၊ ရွှေများကို ဗဟိုဘဏ်၏ဘဏ္ဍာတိုက်တွင် ပြန်လည်ထိန်းသိမ်းထားရှိသော်လည်း ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှသာ ဈေးကွက်ဝယ်ယူမှုများမှ စတင်စုဆောင်းခဲ့ကြောင်း၊ အိန္ဒိယသည် ၂၀၂၂ ခုနှစ်တွင် ဈေးကွက်များမှ ရွှေ မြောက်မြားစွာဝယ်ယူခြင်းကို မြင်တွေ့ခဲ့ရသော်လည်း ၂၀၂၃ ခုနှစ်တွင် ဝယ်ယူမှုနည်းပါးခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ မှသာ ပြန်လည်၍ အမြောက်အမြား ဝယ်ယူသည်ကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။

အိန္ဒိယ၏ စုစုပေါင်းနိုင်ငံခြားအရန်ငွေတွင် ရွှေစုဆောင်းထားရှိမှုပါဝင်မှုသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန် တွင် ၇ ဒသမ ၇၅ ရာခိုင်နှုန်းမှ ၂၀၂၄ ဧပြီလကုန်တွင် ၈ ဒသမ ၇ ရာခိုင်နှုန်းခန့်အထိ တိုးလာခဲ့ကြောင်း၊ ထို့သို့ ပမာဏအားဖြင့် မြင့်တက်လာခြင်းအပြင် ရွှေဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာသောကြောင့် ဗဟိုဘဏ်သည် တန်ဖိုးမြင့်တက်မှုကိုလည်း ရရှိနေကြောင်း ဖော်ပြထားသည်။

အိန္ဒိယဗဟိုဘဏ်သည် အခြားသောထွန်းသစ်စဈေးကွက်နိုင်ငံများ၏ ဗဟိုဘဏ်များကဲ့သို့ပင် ငွေကြေးမတည်မငြိမ်ဖြစ်မှုကို အကာအကွယ်ဖြစ်စေရန် ၎င်း၏အရန်ငွေများကို အမျိုးအစားခွဲဝေထားရှိကြောင်း၊ ကမ္ဘာ့ရေးရာမသေချာမရေရာမှုများ မြင့်မားလာမှုကြောင့် နိုင်ငံအများစုတွင် ရွှေဝယ်ယူစုဆောင်းမှုကို တွန်းအားပေးနေကြောင်းနှင့် နိုင်ငံများရှိဘဏ်များသည် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် တန်ချိန် ၂၉၀ ဝယ်ယူထားသဖြင့် ကမ္ဘာ့ရွှေဝယ်လိုအား၏ လေးပုံတစ်ပုံခန့်ရှိသည်ဟု ဗဟိုဘဏ်၏ စီးပွားရေးပညာရှင်များက ၎င်းတို့ထုတ်ဝေသည့်လစဉ်စာစောင်၏ စီးပွားရေးဆိုင်ရာအကဲဖြတ်ချက်တွင်ပြောကြားထားကြောင်း သိရသည်။

ရှေးအစဉ်အလာအတိုင်း ရွှေကိုပိုင်ဆိုင်မှုအဖြစ်စုဆောင်းခြင်းသည် တန်ဖိုးများကို ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း၊ ပြီးခဲ့တဲ့နှစ်တွင် ဗဟိုဘဏ်များက အကျပ်အတည်းကိုတုံ့ပြန်ရာ၌ ရွှေ၏တန်ဖိုးကို အလေးပေးခဲ့သည်ဟု ကမ္ဘာ့ရွှေကောင်စီမှ အကြီးတန်းလေ့လာသုံးသပ်သူတစ်ဦးက မှတ်ချက်ပြုထားကြောင်းနှင့် ၂၀၂၄ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ကမ္ဘာ့လုံးဆိုင်ရာ မသေချာမှုများ လျော့နည်းသွားခြင်းမရှိသည်ကို တွေ့မြင်နေရသောကြောင့် ရွှေဝယ်ယူစုဆောင်းမှုများ ပိုမိုကြာရှည်စွာဆောင်ရွက်လာနိုင်ကြောင်းလည်း ဖော်ပြထားသည်။

Source: RBI buys 1.5 times more gold in January–April than whole of 2023, The Economic Times, 23 May 2024., (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_28052024_12:28

## ၂၀၂၄ ခုနှစ် ပထမသုံးလပတ်၌ ထိုင်းနိုင်ငံ၏ သရက်သီးတင်ပို့မှု ၂ ဆကျော်မြင့်တက်

၂၀၂၄ ခုနှစ် ပထမသုံးလပတ်၌ ထိုင်းနိုင်ငံ၏ လတ်ဆတ်သော သရက်သီးတင်ပို့မှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဘတ် ၁ ဒသမ ၆ သန်းခန့်အထိ ၁၃၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ အလားတူ ကာလအတွင်း၌ပင် ကောက်ညှင်းဆန်တင်ပို့မှုသည် ဘတ် တစ် သန်းခန့်အထိ ၁၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။

ထိုင်းသရက်သီးကောက်ညှင်းအား TasteAtlast ဝက်ဘ်ဆိုဒ်တွင် ကမ္ဘာ့ဒုတိယအကောင်းဆုံး ဆန်ပူတင်းအဖြစ် မကြာသေးမီက အဆင့်သတ်မှတ်ပေးခဲ့ရာ နိုင်ငံအများအပြားတွင် လူကြိုက်များသည့် အချိုပွဲအဖြစ် နာမည်ကျော်ကြားလာခဲ့ကြောင်းနှင့် အဆိုပါဖြစ်ရပ်ကြောင့် ထိုင်းနိုင်ငံအတွက် ပို့ကုန်တိုးမြှင့်ရန်နှင့် အာဆီယံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ ချီလီ၊ ပီရူးနှင့် ဟောင်ကောင်နိုင်ငံတို့နှင့် ချုပ်ဆိုထားသည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များကို အသုံးပြုရန်တို့အတွက် အခွင့်အလမ်းကောင်းဖြစ်လာစေခဲ့ကြောင်း ကုန်သွယ်မှုညှိနှိုင်းရေးဌာန ညွှန်ကြားရေးမှူးချုပ် Chotima Lemsawasdikul က ၂၀၂၄ ခုနှစ်၊ မေလ ၁၆ ရက် (ကြာသပတေး) နေ့ တွင် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် လက်ရှိတွင် ကမ္ဘာ့ပဉ္စမမြောက် သရက်သီးအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး ကောက်ညှင်းဆန် ဒုတိယအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်သည်။ အာဆီယံ ၉ နိုင်ငံအနက် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကသာ ထိုင်းနိုင်ငံမှ တင်သွင်းသောသရက်သီးအပေါ် သွင်းကုန်ခွန် ၅ ရာခိုင်နှုန်းကောက်ခံသည်ဟု Chotima က ပြောကြားခဲ့သည်။ ထိုင်းသရက်သီးအား တရုတ်၊ ဂျပန်၊ ဟောင်ကောင်၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ ချီလီနှင့် ပီရူးနိုင်ငံတို့သည် သွင်းကုန်ခွန်ကောက်ခံခြင်းမရှိသော်လည်း တောင်ကိုရီးယားနိုင်ငံသည် သွင်းကုန်ခွန် ၂၄ ရာခိုင်နှုန်းကောက်ခံလျက်ရှိကြောင်းသိရသည်။ ဩစတြေးလျ၊ နယူးဇီလန်၊ ဟောင်ကောင်၊ လာအို၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ဘရူနိုင်းနှင့် ချီလီတို့သည် ထိုင်းကောက်ညှင်းဆန်အပေါ် သွင်းကုန်ခွန်ကောက်ခံခြင်းမရှိဘဲ တရုတ်နိုင်ငံမှ သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံမှ ၃၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံမှ ၃၂ ရာခိုင်နှုန်း အသီးသီးလျှော့ချဖြတ်တောက်ထားကြောင်းသိရသည်။ ထိုင်းနိုင်ငံသည် အေးခဲထားသော အသင့်စားသုံးနိုင်သည့် သရက်သီးကောက်ညှင်းပေါင်းအား သွင်းကုန်ခွန်ကောက်ခံခြင်းမရှိသည့်နိုင်ငံ ၁၆နိုင်ငံသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။

Source: Thai PBS World, 16 May, 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_28052024_959

## ကောက်ပဲသီးနှံများအား စံချိန်တင်တင်ပို့နိုင်ရန် ရည်မှန်းထားသည့် ရုရှားနိုင်ငံ

ရုရှားနိုင်ငံ၏ ကောက်ပဲသီးနှံများကို နယ်စပ်ဖြတ်ကျော်ရောင်းချမှုသည် ယခုနှစ်တွင် စံချိန်တင်အမြင့်ဆုံးသို့ရောက်ရှိမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံသို့ရောက်ရှိရန် မျှော်မှန်းထားကြောင်း ရုရှားနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီး Oksana Lut ကပြောကြားခဲ့သည်။ နိုင်ငံတကာဆိုင်ရာ ရုရှားပြပွဲဖိုရမ်၌ အစားအသောက်လုံခြုံစိတ်ချရမှုရှိစေရေးနှင့်ပတ်သက်သည့် မျက်နှာစုံညီအစည်းအဝေးတွင် Lut က ရုရှားနိုင်ငံသည် လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅ ဘီလီယံတန်ဖိုးရှိသည့် ကောက်ပဲသီးနှံ များကိုတင်ပို့နိုင်ခဲ့ကြောင်းနှင့် ယခုနှစ်တွင် စံချိန်တင်တင်ပို့နိုင်ရန်အတွက် အခွင့်အလမ်းကောင်းများရှိနေကြောင်း ပြောကြားခဲ့သည်။

ယခုလအစောပိုင်းတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍမှသည် ၂၀၃၀ ပြည့်နှစ်ရောက်သောအခါ ၂၀၂၁ ခုနှစ်က ပြည်ပသို့တင်ပို့မှုပမာဏထက် ၅၀ ရာခိုင်နှုန်းမြင့် တက်ရမည်ဟု ပြောကြားခဲ့သည်။ ၂၀၂၁ ခုနှစ်က ရုရှားနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံရှိကြောင်းသိရသည်။ ကောက်ပဲသီးနှံများတင်ပို့မှုပမာဏသည် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံ ကျော်ထိမြင့်တက်ရန် မျှော်လင့်ထားပြီး ရုရှားလယ်သမားများအနေဖြင့်လည်း သမ္မတ၏ ရည်မှန်းချက်ဖြစ်သည့် ၆ နှစ်အတွင်း ထုတ်လုပ်မှုပမာဏ ၂၅ ရာခိုင်နှုန်းထိမြင့်တက်အောင် ထုတ်လုပ်ပေးနိုင်ရန်မျှော်လင့်ကြောင်း Lut က ပြောကြားခဲ့သည်။ ထို့ပြင် Lut က ထုတ်လုပ်မှု ကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်းသည် ရုရှားလယ်သမားများအား နိုင်ငံတကာဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်စေမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးကဏ္ဍသည် သဘင်္ဘောများနှင့်ပြည်ပသို့ တင်ပို့သူများအား ထောက်ပံ့ပေးရမည့်ပြဿနာအား ဖြေရှင်းရန် ကျန်သေးကြောင်းပြောကြားခဲ့သည်။ မတ်လတွင် သမ္မတပူတင်က ရုရှားသည် ကမ္ဘာ့စတုတ္ထအကြီးဆုံး စိုက်ပျိုးရေး

ထုတ်ကုန်များကို တင်ပို့သည့်နိုင်ငံဖြစ်ပြီး ဂျူရောင်းချမှုတွင် နံပါတ်တစ်နေရာ၌ ရပ်တည်နေ ကြောင်းပြောကြားခဲ့သည်။ သို့သော် ပြည်ပမှတင်သွင်းနေရသည့် ခရမ်းချဉ်သီးနှင့် အခြားသီးနှံထုတ်ကုန်များကို ပြည်တွင်း၌ ထုတ်လုပ်မှုအရှိန်မြှင့်တင်သင့်ကြောင်း ပူတင်က အသားပေးပြောကြားခဲ့သည်။ ရုရှားနိုင်ငံသည် အစာရေစာပြတ်လပ်မှု ပြဿနာနှင့်ရင်ဆိုင်နေရသည့် အာဖရိကနိုင်ငံ တချို့ကို ကောက်ပဲသီးနှံများ အခမဲ့ထောက်ပံ့ ပေးခဲ့ကြောင်းသိရသည်။

ယခုနှစ်အစောပိုင်းတွင် ရုရှားနိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာန၏ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုစင်တာမှ အကြီးအကဲဖြစ်သူ Omitry Krasnor က ရုရှားနိုင်ငံသည် စိုက်ပျိုးရေးထုတ်ကုန်အမျိုးအစား ၂၅၀ ပတ်လည်ကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၀၀ ကျော်ကိုတင်ပို့ခဲ့ကြောင်းပြောကြားခဲ့သည်။ ထို့ပြင် တရုတ်၊ ဗီယက်နမ်၊ မလေးရှား၊ ဘယ်ဂျီးရီးယားနှင့် အင်ဒိုနီးရှားတို့သည် အရေးအပါဆုံးဈေးကွက်များဖြစ်ကြောင်းနှင့် အာရှအရှေ့အလယ်ပိုင်း၊ အာဖရိက၊ လက်တင်အမေရိကနှင့် ယခင်ဆိုဗီယက် ပြည်ထောင်စုနိုင်ငံများသို့တင်ပို့မှုမှာ အနာဂတ်ကာလတွင် ပိုမိုမြင့်တက်လာရန်မျှော်လင့်ကြောင်း Omitry Krasnov က ပြောကြားခဲ့သည်။ Source: Malays’a Sun,  Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_29052024_1011

## အင်ဒိုနီးရှားမှ ဒူဘိုင်းသို့ အမေရိကန်ဒေါ်လာ ၃၅၀,၀၀၀ တန်ဖိုးရှိသော အထည်အလိပ်များတင်ပို့

အင်ဒိုနီးရှားစက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ PT Mahugi Jaya Sehahtern မှထုတ်လုပ်သော ပြည်တွင်း အထည်အလိပ်ထုတ်ကုန်များကို ဒူဘိုင်းသို့တင်ပို့ရောင်းချပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၅၀,၀၀၀ အထိရှိကြောင်း သိရသည်။ “အထည်အလိပ်ထုတ်ကုန်တွေကို ဒူဘိုင်းနဲ့ အခြားအရှေ့အလယ်ပိုင်းနိုင်ငံ အချို့ဆီတင်ပို့ဖို့ ကုမ္ပဏီက လုပ်ဆောင်ခဲ့ သည့် ခြေလှမ်းတွေကိုအသိအမှတ်ပြုတယ်။ အထည်အလိပ် ကွန်တိန်နာ ၃ ပုံးကိုတင်ပို့လိုက်နိုင်တာကိုလည်း ကျေးဇူးတင်မိ ပါတယ်” ဟု ဓာတုစက်မှုလုပ်ငန်း၊ ဆေးဝါးနှင့်အထည်အလိပ် လုပ်ငန်းမှ ယာယီညွှန်ကြားရေးမှူးချုပ် Taufick Bawazier က အနောက်ဘန်ဒေါင်းတွင် ကျင်းပပြုလုပ်သည့် အခမ်းအနားတစ်ခု၌ ပြောကြားခဲ့သည်။

လက်ရှိတွင် ဒေသတွင်းသို့ အထည်အလိပ်တင်ပို့မှုသည် စုစုပေါင်းပြည်ပတင်ပို့မှု၏ ၅ ဒသမ ၄ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၇၅၃ သန်းတန်ဖိုးရှိကာ ဈေးကွက်ဝေစု ၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း ၎င်းက မှတ်ချက်ပြုသည်။ ဤကိန်းဂဏန်းသည် တရုတ်နိုင်ငံမှဈေးကွက်ရှယ်ယာ ၃၈ ဒသမ ၃ ရာခိုင်နှုန်းနှင့် အိန္ဒိယဈေးကွက်ရှယ်ယာ ၂၁ ဒသမ ၄ ရာခိုင်နှုန်းတို့နှင့်နှိုင်းယှဉ်ပါက များစွာနိမ့်ကျနေသေးသည်။ ထို့ကြောင့် အင်ဒိုနီးရှားကုမ္ပဏီတစ်ခုမှတင်ပို့သည့် ပို့ကုန်များသည် ပြည်တွင်းအထည်အလိပ်ထုတ်ကုန်များ တင်ပို့မှုတိုးမြှင့် လာစေရန် ရှေ့ဆောင်လုပ်ငန်းတစ်ခုဖြစ်လာနိုင်သည်ဟု ၎င်းကဆို သည်။

အထည်အလိပ်လုပ်ငန်းသည် ပို့ကုန်ဝယ်လိုအားမြင့်မားမှုကြောင့် ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်တွင် ထုတ်လုပ်မှုများကို တိုးမြှင့်လာသည်ဟု စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ဤသို့တိုးမြှင့်လာမှုသည် စီးပွားရေးတိုးတက်မှုအတွက် စီမံ ဆောင်ရွက်ပေးသည့် စက်မှုလုပ်ငန်းများ၏ ပံ့ပိုးကူညီမှုကိုလည်း အထောက်အကူဖြစ်စေကြောင်းသိရသည်။

Source: Antaranews.com, Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_29052024_1007

## ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်ကာလတွင် ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုမြင့်တက်လာပြီး နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ဘီလီယံရရှိရန်ရည်ရွယ်ထား

ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာလုပ်ငန်းနယ်ပယ်သည် ၂၀၂၄ ခုနှစ်၊ ပထမသုံးလတာကာလတွင် ပြည်ပသို့ ပင်လယ်စာ တင်ပို့မှုပမာဏအတွက် အမေရိကန်ဒေါ်လာ ၂ ဘီလီယံနီးပါးထိရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ပထမသုံးလတာကာလထက် ၈ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP)၏ အဆိုအရ သိရသည်။ ယခုကဲ့သို့ မြင့်တက်လာခြင်းသည် အဓိကဈေးကွက်များဖြစ်သော အမေရိကန်၊ ဂျပန်၊ တရုတ်နှင့် ဟောင်ကောင် တို့ထံမှ မြင့်တက်လာသော ဝယ်လိုအားများကြောင့် ဖြစ်သည်ဟုသိရသည်။ VASEP သည် ၂၀၂၄ ခုနှစ်ကုန်တွင် အမေရိကန် ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံတန်ဖိုးရှိသည့် ပင်လယ်စာထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်မည်ဟု ယုံကြည်ချက်ရှိနေသည်။ အမေရိကန်နိုင်ငံသည် ဗီယက်နမ်ထံမှ ပင်လယ်စာများကို အဓိကတင်သွင်းသူဖြစ်ပြီး အမေရိကန်ဒေါ်လာသန်း ၃၃၀ ပမာဏ ရှိသော ပင်လယ်စာများကို တင်သွင်းပြီးဖြစ်ကြောင်းသိရသည်။ ဒုတိယနေရာတွင် တရုတ်နှင့် ဟောင်ကောင်၊ တတိယ နေရာ တွင် ဂျပန်တို့ရှိနေပြီး အခြားဈေးကွက်အနေဖြင့် ဥရောပသမဂ္ဂနှင့် တောင်ကိုရီးယားနိုင်ငံတို့ရှိနေသည်။ အဓိကတင်ပို့သည့် ပင်လယ်စာထုတ်ကုန်များမှာ ပုစွန်၊ တူနာငါး၊ ကဏန်း၊ ကျောက်ပုစွန်၊ Pangasius ငါးတို့ ဖြစ်ကြောင်းသိရသည်။ ဗီယက်နမ် နိုင်ငံသည် ဧပြီလတစ်လတည်းနှင့် အမေရိကန်ဒေါ်လာသန်း ၇၇၀ ပမာဏရှိသည့် ပင်လယ်စာထုတ်ကုန်များကို တင်ပို့ခဲ့

ကြောင်းသိရသည်။ VASEP ၏ ဆက်သွယ်မှုဒါရိုက်တာ Le Hang က ဗီယက်နမ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အီကွေဒေါနိုင်ငံပြီးလျှင် အေးခဲပုစွန်များတင်ပို့မှုတွင် ကမ္ဘာ့ထိပ်တန်း တင်ပို့သူဖြစ်ကြောင်း ပြောကြားခဲ့သည်။ VASEP သည် ၂၀၂၄ ခုနှစ်တွင် ပင်လယ်စာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံရရှိရန်ရည်ရွယ်ထားပြီး ပုစွန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄ ဘီလီယံ၊ Pangasius ငါးများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံနှင့် အခြားထုတ်ကုန်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံရရှိမည်ဟုခန့်မှန်းထားကြောင်းသိရသည်။

Source: Vietnam Briefing, Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_29052024_1000

## တောင်ကိုရီးယားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှုလမ်းကြောင်း ထူထောင်မည်

ကမ္ဘောဒီးယားနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံအကြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန်အတွက် ပုံမှန်ဆွေးနွေးညှိနှိုင်းမှုကဏ္ဍများပြုလုပ်သွားရန် ရည်ရွယ်ထားကြသည်။ အဆိုပါဆုံးဖြတ်ချက်သည် ကမ္ဘောဒီးယားသမ္မတ Hun Monet ၏ တောင်ကိုရီးယား နိုင်ငံသို့ ၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိသွားရောက်ခဲ့သည့် အလည်အပတ်ခရီးစဉ်အတွင်း တောင်ကိုရီးယားသမ္မတ Yoon Suk Yeol နှင့်တွေ့ဆုံဆွေးနွေးပွဲတွင် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ Mr. Hun Monet သည် တောင်ကိုရီးယားသမ္မတနှင့်ကုန်သွယ်မှုချိတ်ဆက်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတို့ပါဝင်သော ကဏ္ဍမြောက်မြားစွာတို့တွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ ခေါင်းဆောင်နှစ်ဦးစလုံးသည် နှစ်နိုင်ငံအကြားတည်ရှိပြီးသော ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် အဓိကစီမံကိန်း ၂ ခုကို ပိုမိုအားကောင်းစွာထူထောင်ရန် သဘောတူညီခဲ့ကြသည်။

ပထမစီမံကိန်းမှာ ကိုရီးယားကုမ္ပဏီများနှင့် ကမ္ဘောဒီးယားနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကောင်စီအကြား ပုံမှန်ဆွေးနွေးညှိနှိုင်းမှုကဏ္ဍများထူထောင်ရန်ဖြစ်ပြီး ဒုတိယစီမံကိန်းမှာ ကမ္ဘောဒီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ထုတ်လုပ်မှုများ တိုးချဲ့ခြင်းတို့ပြုလုပ်မည့် တောင်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများအတွက် သက်တောင့်သက်သာရှိသော စီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ရန်အတွက် အထူးစီးပွားရေးဇုန်များဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ထို့ပြင် မေလ ၁၆ ရက်နေ့က ကမ္ဘောဒီးယားနိုင်ငံကုန်သည်များအသင်းနှင့် တောင်ကိုရီးယားနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ကမ္ဘောဒီးယား-တောင်ကိုရီးယား စီးပွားရေးဖိုရမ်တွင် ကမ္ဘောဒီးယားကုန်သည်များအသင်းဥက္ကဋ္ဌ Kith Meng က ဖိုရမ်သည် နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးမှု၏ ခိုင်မာသောအခြေခံအုတ်မြစ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။ ထို့ပြင် Mr.Kith Meng က တောင်ကိုရီးယားနိုင်ငံသည် တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ LED၊ လျှပ်စစ်ကားများ၊ AI နည်းပညာနှင့် ကြိုးမဲ့ အင်တာနက်ချိတ်ဆက်စနစ်အစရှိသည့် မြင့်မားသည့်နည်းပညာများကို ကမ္ဘောဒီးယားနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ထောက်ပံ့ပေးနိုင်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှလည်း အပြန်အလှန်အနေဖြင့် ငယ်ရွယ်သော လုပ်သားအင်အားထုနှင့် အရှေ့တောင်အာရှအလယ်ပိုင်း၏ မဟာဗျူဟာကျသော တည်နေရာတွင်ရှိနေကြောင်း၊ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် သတ္တုတွင်းများ၊ ရွှေ၊ ကြေးနီ၊ အလူမီနီယံနှင့် တန်ဖိုးကြီး ကျောက်မျက်ရတနာများကြွယ်ဝကြောင်း ပြောကြားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်များ၏ ပူးတွဲထုတ်ပြန်ချက်အရ နှစ်နိုင်ငံစလုံးသည် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတို့တွင် ဆွေးနွေးမှုများစတင်ရန် သဘောတူညီခဲ့ကြောင်းနှင့် ဒစ်ဂျစ်တယ်ကုန်သွယ်ရေးနှင့် မူပိုင်ခွင့်တို့တွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ရန်လည်း သဘောတူညီခဲ့ကြောင်းသိရသည်။

Source: Khmertimes,  Source: https://www.doca.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_29052024_1004

## ဗီယက်နမ်နိုင်ငံမှ စပိန်နိုင်ငံသို့ ကော်ဖီတင်ပို့မှု ၁၀၀ ရာခိုင်နှုန်းတိုးမြှင့်လာ

စပိန်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ကော်ဖီတင်ပို့မှု တန်ဖိုးသည် ၁၀၀ ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံခြားကုန်သွယ်မှု အေဂျင်စီ၏ အဆိုအရသိရသည်။

ဗီယက်နမ်နိုင်ငံသည် ဧပြီလတွင် စပိန်သို့ ကော်ဖီတန်ချိန် ၁၀,၇၄၀ တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၄၂ ဒသမ ၆၆ သန်းရရှိခဲ့ကာ တစ်နှစ်ထက်တစ်နှစ် ပမာဏ ၁၈ ဒသမ ၇ ရာခိုင်နှုန်းနှင့် တန်ဖိုးအား ဖြင့် ၁၀၂ ဒသမ ၈ ရာခိုင်နှုန်း တိုးလာသည်ဟု အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်ကို ကိုးကားဖော်ပြခဲ့သည်။

ယခုနှစ် ပထမလေးလအတွင်း ဗီယက်နမ်မှ စပိန်သို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၁ သန်း တန်ဖိုးရှိပြီး တန်ချိန်အားဖြင့် ၅၅,၃၈၀ ခန့်ရှိခဲ့ကြောင်း ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပမာဏမှာ ၅၃ ဒသမ ၇ ရာခိုင်နှုန်းနှင့် တန်ဖိုး ၁၃၆ ဒသမ ၆ ရာခိုင်နှုန်းတိုးမြှင့်လာခဲ့ကြောင်း ဖော်ပြထားသည်။

စပိန်ဈေးကွက်သို့ ဗီယက်နမ်ကော်ဖီတင်ပို့မှု ပျမ်းမျှဈေးနှုန်းမှာ ပထမလေးလတွင် တစ်တန်လျှင် ၃,၄၈၇ ဒေါ်လာ ရှိကြောင်း၊ ယခင်နှစ် အလားတူကာလထက် ၅၃ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အေဂျင်စီမှ ပြောကြားခဲ့ပြီး ဧပြီလတွင် တစ်တန်လျှင် ၃,၉၇၁ ဒေါ်လာဖြင့် ၉ ဒသမ ၁ တိုးမြင့်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်တွင် ရိုဘတ်စတာကော်ဖီဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၄) အောက်ကျဆင်းသွားပြီးနောက် ယခုလလယ်တွင် ထပ်မံမြင့်တက်လာခဲ့သည်။ သို့သော်လည်း အလယ်ပိုင်းကုန်းမြင့်များတွင် ရာသီဥတုအခြေအနေနှင့် ငွေလဲနှုန်းအတက်အကျများကြောင့် ကော်ဖီဈေးနှုန်းများ ပြန်လည် ကောင်းမွန်လာမှုကို ထိန်းထားနိုင်ခဲ့သည်။ မေလ ၂၉ ရက်နေ့တွင် ကော်ဖီဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး တစ်ကီလို ဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၁၅,၇၀၀ မှ ဗီယက်နမ်ဒေါင် ၁၁၇,၂၀၀ (အမေရိကန် ဒေါ်လာ ၄ ဒသမ ၃၉ မှ ၄ ဒသမ ၅၅ ) ကြားရှိခဲ့ကြောင်း ဖော်ပြထားသည်။ Source: Viet Nam Plus,(စီးပွားရေးသံမှူး၊ဗီယက်နမ်)

https://myantrade.gov.mm/article/Naypyitawstp_310520241030

## ပြည်တွင်းကုန်သွယ်မှုသတင်း

### မိုးရာသီကာလအတွင်း မိုးကာအုပ်အစေးခြစ်ခြင်းစနစ်က ရော်ဘာအစေးခြစ်ရက် ပိုမိုရရှိနိုင်

ရော်ဘာသည် ပြည်တွင်းစက်မှုလုပ်ငန်းများသာမက ပြည်ပပို့ကုန်များအတွက် အရေးပါသောစက်မှုကုန်ကြမ်းဖြစ် သော်လည်း ရော်ဘာအစေးခြစ်ခြံအများစုမှာ မိုးများသောကာလများ၌ အစေးခြစ်ခြင်းကို ရပ်နားထားရပြီး အစေးခြစ်ရက်ယူနိုင် သော ကာလလျော့နည်းသည့်အတွက် အထွက်နှုန်းလည်း သိသိသာသာ လျော့ နည်းလာသည်။

ယခုအခါတွင်လည်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုများဖြစ်ပေါ်နေသည့်အတွက် အစေးခြစ်ရက်များ လျော့နည်းလျက် ရှိသည်။ တစ်နိုင်ငံလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ရော်ဘာစိုက်ပျိုးသော ဒေသများဖြစ်သည့် မွန်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် တစ်နှစ်လျှင် ပျမ်းမျှမိုးရွာရက် ၁၂၄ ရက်နှင့် အထက် မိုးရေချိန် ၁၂၀ လက်မနှင့်အထက်ရှိခြင်းကြောင့် ပင်စည်လုံးပတ်ဝက်ရက်ခြားခြစ်ခြင်း (S/2d2) စနစ်ဖြင့် ပုံမှန် အစေးခြစ်ပါက အစေးခြစ်ရက် (၁၀၅-၁၁၀) ရက်ရရှိပြီး မိုးရာသီကာလ မိုးကာတပ်ဆင်၍ (S/2RDd2) စနစ်ဖြင့် အစေးခြစ်ပါက ရက် ၁၇၀ ခန့်ရရှိကာ အစေးခြစ်ရက် ၆၀ ခန့်ပိုမိုရရှိ ခြင်းကြောင့် ရော်ဘာအထွက်နှုန်းမှာ ၆၀ ရာခိုင်နှုန်းခန့် ပိုမိုရရှိမည်ဖြစ်ကြောင်း မုဒုံမြို့နယ် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ တာဝန်ခံ ဦးမောင်မောင်မြင့်က ပြောသည်။

မိုးကာအုပ်အစေးခြစ်ခြင်းစနစ်သည် မိုးရာသီကာလအတွင်း အစေးမခြစ်မီ သို့မဟုတ် အစေးခံထားဆဲအချိန်၌ မိုးရွာ လျှင် အပင်အထက်ပိုင်းမှ စိမ့်ကျလာသောမိုးရေများကို အစေးခြစ်လမ်းကြောင်း အစေးခံခွက်များအပေါ် ရေစိမ့်မဝင်နိုင်စေရန် အဓိကတားဆီးနိုင်ကြောင်း၊ မိုးတွင်းကာလအတွင်း အစေးခြစ်ရက် ပိုမိုရရှိခြင်းသည် အစေးခြစ်လုပ်သားများ ဝင်ငွေရရှိအောင် ပြုလုပ်ပေးခြင်းဖြစ်ပြီး ကျွမ်းကျင်လုပ်သားဆုံးရှုံးမှုပြဿနာကိုလည်း ဖြေရှင်းနိုင်မည့်အကျိုးကျေးဇူးများရရှိနိုင်သည့် ကောင်းမွန် သော နည်းစနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

Source: မြန်မာ့အလင်းသတင်းစာ

### ၉ နှစ်အတွင်း နည်းပညာ ၈၂ ခုကို MSME လုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးခဲ့ပြီး ဖြန့်ဝေမည့်နည်းပညာ ၅ မျိုး လည်းရှိနေ

၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း နည်းပညာ ၈၂ ခုကို MSME လုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၏ ပြောကြားချက်အရသိရသည်။

ဇွန်လ ၁ ရက်တွင်ပြုလုပ်သည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနက ခေတ် နည်းပညာသုတေသနဗဟိုဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးသုတေသနလုပ်ငန်းများမှ MSME လုပ်ငန်း ရှင်များက အဆိုပြုတောင်းဆိုထားသည့် နည်းပညာများကို လွှဲပြောင်းပေးခြင်းနှင့် ဖြန့်ဝေပေးခြင်းအခမ်းအနားတွင် ပြောကြား ခဲ့ခြင်းဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် MSME များသည် စီးပွားရေးကဏ္ဍတွင် ၉၀ ရာခိုင်နှုန်းကျော်ပါဝင်နေရာ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ယင်းတို့သည် အဓိကမောင်းနှင်အား ဖြစ်ကြောင်း ဒုတိယဝန်ကြီးကဆိုသည်။

ထို့ပြင် နိုင်ငံတော်တွင် MSME ၄၀,၀၀၀ ကျော်ရှိပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီမှ ညွှန်ကြားချက်များ အတိုင်း နိုင်ငံ့စီးပွားမြင့်တင်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ဌာနသည် ဆက်စပ်ဌာန များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သုတေသနဌာနများနှင့် တက္ကသိုလ်များတွင် MSME များ ဖွံ့ဖြိုးရေးစွန့်ဦး တီထွင်

လုပ်ငန်းများအတွက် နည်းပညာများပံ့ပိုးပေးနိုင်ရန် သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့အကျိုးပြုသုတေသီများ၊ အင်ဂျင်နီယာများ၊ နည်းပညာ ရှင်များကို မွေးထုတ်ပေးလျက်ရှိကြောင်း ဒုတိယဝန်ကြီးကဆိုသည်။

MSME ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ရေး လိုအပ်သောနည်းပညာများကို သိရှိအသုံးပြုနိုင်စေရန်၊ ဒေသထွက်ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းနှင့်နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအရည်အသွေးယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ပေးနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများအတွက် စံချိန်စံညွှန်းပြည့်မီ၍ ကျန်းမာရေးနှင့် ညီညွတ်သော လူသုံးကုန်၊ စားသောက်ကုန်များထုတ်လုပ်မှုမြှင့်တင်နိုင်ရန်၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန်နှင့် နိုင်ငံခြားဝင်ငွေများတိုးပွားရရှိစေရန် ရည်ရွယ်လျက် ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသည် ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း နည်းပညာ ၈၂ ခုကို MSME လုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် သုံးနှစ်တာအတွင်း နိုင်ငံတော် တွင် MSME ကဏ္ဍအားပေးမြှင့်တင်မှုကြောင့် နည်းပညာ ၄၂ ခု ကို လွှဲပြောင်းပေးခဲ့ရသည်ကို သိသာနိုင်ကြောင်း ၎င်းကဆိုသည်။

ထို့ပြင် ယခု နည်းပညာ ၁၁ မျိုးကို လွှဲပြောင်းပေးပြီး နည်းပညာ ၅ မျိုးကို ဖြန့်ဝေပေးမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များသည် မိမိတို့လက်ခံရရှိသော နည်းပညာမျိုးစေ့များမှ ထုတ်ကုန်သစ်ပင်ကြီးများဖြစ်သည်အထိ ဆက်လက်ရှင်သန်ကြီးထွားအောင်ဆောင်ရွက်နိုင်ကြပြီး လုပ်ငန်းများပိုမိုအောင်မြင်မှုမှသည် အမျိုးသားရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေး တစ်တပ်တစ်အား အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။

Source: https://www.popularmyanmar.com/?p=160914

## ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက်မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်

၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက်မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ် များသို့ သွင်းကုန်များကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ (၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည်။

ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)ကို ရည်ညွှန်း၍ “စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင်မရရှိဘဲတင်သွင်းပြီး ဆိပ်ကမ်းသို့ကြိုတင်ရောက်ရှိပါက အဆိုပါတင်သွင်းသောကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီအရေးယူသွားမည်”ဟု ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၈ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ်(၅၀/၂၀၂၀)ဖြင့် ထုတ်ပြန်ထားပြီးဖြစ်သည်။

ထို့ပြင် သွင်းကုန်လိုင်စင်(ပါမစ်အပါအဝင်) ခွင့်ပြုချက်မရမီ ဆိပ်ကမ်း၊ လေဆိပ်သို့ ကြိုတင်ရောက်ရှိကြောင်းစိစစ်တွေ့ရှိပါက အဆိုပါတင်သွင်းသောကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့စွဲပါ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၆/၂၀၂၂)ဖြင့် လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက် နေ့စွဲပါ အသိပေးကြေညာချက်ဖြင့်လည်းကောင်း ထပ်မံအသိပေး ထုတ်ပြန်ထားပြီးဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင်(ပါမစ်အပါအဝင်) ခွင့်ပြုချက်မရမီ ဆိပ်ကမ်း၊ လေဆိပ်သို့ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိပါက အဆိုပါသွင်းကုန်ပစ္စည်းများကို ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုလုပ်ရန်နှင့် ခွင့်ပြုချက်မရရှိဘဲ ရောက်ရှိပါက အဆိုပါတင်သွင်းသောကုမ္ပဏီများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် ထုတ်ပြန်ထားသော်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ ခွင့်ပြုချက်မရရှိသေးသောကုန်ပစ္စည်းများကို ကြိုတင် တင်သွင်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် လိုအပ်သော အရေးကြီး ကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီအကောက်ခွန်ကုန်လှောင်ရုံများတွင်ထည့်သွင်းခွင့်ပြုထားပြီးဖြစ်သည်။

Source:https://news-eleven.com/article/292164

## ကုန်ပစ္စည်းချင်းဖလှယ်သည့် ကုန်သွယ်မှုစနစ်အရ ပို့ကုန်သွင်းကုန်အတွက် နိုင်ငံခြားငွေပြန်လည်ရရှိမှုနှင့် ပေးချေခြင်းမှ ကင်းလွတ်ခွင့်ပုံစံများ လျှောက်ထားရမည်

ကုန်သွယ်ဖက်နှစ်နိုင်ငံအကြား ကုန်ပစ္စည်းချင်းအပြန်အလှန်ဖလှယ်သည့် ကုန်သွယ်မှုစနစ်အရ ပို့ကုန်သွင်းကုန်အတွက် နိုင်ငံခြားငွေပြန်လည်ရရှိမှုနှင့်ပေးချေခြင်းမှ ကင်းလွတ်ခွင့်ပုံစံများလျှောက်ထားရန် ဗဟိုဘဏ် က ထုတ်ပြန်ထားသည်။

ကုန်သွယ်ဖက်နှစ်နိုင်ငံအကြား ကုန်ပစ္စည်းချင်း အပြန်အလှန်ဖလှယ်သည့် ကုန်သွယ်မှုစနစ် (Barter Transaction Arrangement-BTA) အရ ပို့ကုန်တင်ပို့ခြင်းမှ နိုင်ငံခြားငွေပြန်လည်ရရှိမှု ကင်းလွတ်ခွင့်ပုံစံ Export Bill Receivable Exemption (EBRE) နှင့် သွင်းကုန်တန်ဖိုးအတွက် နိုင်ငံခြားငွေပေးချေခြင်းမှ ကင်းလွတ်ခွင့်ပုံစံ Import Bill Payment Exemption (IBPE) ပေးပို့ရာတွင်ဆောင်ရွက်ရမည့် အစီအစဉ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနကြီးမှ ထုတ်ပြန်ထားသည်။

ကုန်သွယ်ဖက်နှစ်နိုင်ငံအကြား ကုန်ပစ္စည်းချင်း အပြန်အလှန်ဖလှယ်သည့် ကုန်သွယ်မှုစနစ် (Barter Transaction Arrangement-BTA) အရ ပို့ကုန်တင်ပို့ပြီးပါက ပို့ကုန်အတွက် နိုင်ငံခြားငွေပြန်လည်ရရှိမှု ကင်းလွတ်ခွင့် Export Bill Receivable Exemption (EBRE) ပုံစံ ပူးတွဲ-၁ အား အထောက်အထားများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လိပ်မူပေးပို့ရမည်ဖြစ်သည်။

ကုန်သွယ်ဖက်နှစ်နိုင်ငံအကြား ကုန်ပစ္စည်းချင်း အပြန်အလှန်ဖလှယ်သည့် ကုန်သွယ်မှုစနစ် (Barter Transaction Arrangement-BTA) အရ သွင်းကုန်တင်သွင်းပြီးပါက သွင်းကုန်တန်ဖိုးအတွက် နိုင်ငံခြားငွေပေးချေခြင်းမှ ကင်းလွတ်ခွင့် Import Bill Payment Exemption (IBPE) ပုံစံ ပူးတွဲ-၂ အား အထောက်အထားများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လိပ်မူပေးပို့ရမည်ဖြစ်သည်။

Allowed Shipment Notification၊ Release Order Notification မိတ္တူ၊ Barter System ဖြင့် ခွင့်ပြုခဲ့သည့် Import/Export license၊ Sale Contract နှင့် အခြားလိုအပ်သည့်အထောက်အထားတို့အား ပူးတွဲ တင်ပြရန်ဖြစ်သည်။

အဆိုပါပုံစံအား email-femd@ cbm.gov.mm သို့ ပေးပို့ရန်ဖြစ်သည်။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီးက စာကိုလက်ခံရရှိပါကလက်ခံရရှိကြောင်း well received ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း၊ အီးမေးလ်ပို့ပြီး အလုပ်လုပ်ရက် နောက်တစ်ရက်အထိလက်ခံရရှိကြောင်း message ကို မရရှိပါက ပေးပို့ခဲ့သည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး၏ အီးမေးလ်မှန်မမှန်ကို ထပ်မံစစ်ဆေးရန်၊ အီးမေးလ်မှန်ပါက ဖုန်း-၀၁-၅၄၃၅၁၁ လိုင်းခွဲ- ၄၆၁၊ ၄၆၂ တို့သို့ ဆက်သွယ်စုံစမ်းရန်ဖြစ်သည်။

Barter System အရ IBPE နှင့် EBRE လျှောက်ထားရမည့်အစီအစဉ်နှင့် Form ပုံစံများကို ကုန်သည်စက်မှုအသင်းချုပ်မှတစ်ဆင့်ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ညီနောင်အသင်းများ၊ နယ်စပ်ကုန်သွယ်ရေးအသင်းများသို့ အကြောင်းကြားထားကြောင်းလည်းသိရသည်။ Source: https://news-eleven.com/article/292129

# ပြည်ပကုန်သွယ်မှုသတင်း

## ပင်လယ်ရေကြောင်းမှ ပြောင်းတင်ပို့မှုမြင့်တက်နေပြီး ပြောင်းဈေးမြင့်တက်လာ

မြန်မာ့ပြောင်းကို ပြည်ပဈေးကွက်ဖြစ်သည့် ထိုင်းနှင့် အိန္ဒိယဈေးကွက်သို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့မှုမြင့်တက်နေပြီး ပြည်တွင်းပြောင်းဈေးသည်လည်း မြင့်တက်လာကြောင်း ပြောင်းလုပ်ငန်းရှင်များ၏ပြောပြချက်အရသိရသည်။ မြန်မာ့ပြောင်းကို ယခင်တင်ပို့နေကျဖြစ်သည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အခက်အခဲများကြောင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့နေရခြင်းဖြစ်သည်။

နယ်စပ်မှ ပြောင်းတင်ပို့မှု ရပ်တန့်နေခြင်းကြောင့် ပြီးခဲ့သည့်ဧပြီလဆန်းပိုင်းတွင် ပြောင်းဆန်တစ်ပိဿာ ၁,၀၄၀ ကျပ်မှ ၁,၀၆၀ ကျပ်သာ ပေါက်ဈေးရှိခဲ့ရာ လက်ရှိတွင် ပင်လယ်ရေကြောင်းမှ ပြောင်းတင်ပို့မှု ပြန်လည်မြင့်တက်လာခြင်းကြောင့် ပြည်တွင်းပြောင်းဈေးသည် တစ်ပိဿာ ၁,၁၄၀ မှ ၁,၁၆၀ ကြား မြင့်တက်လာကြောင်း သိရသည်။ လက်ရှိ မြန်မာ့ပြောင်းကို ထိုင်းနိုင်ငံအပါအဝင် အခြားပြည်ပနိုင်ငံများသို့ ရေကြောင်းမှတစ်ဆင့် တင်ပို့နေကြောင်း လက်ရှိရန်ကုန်ဆိပ်ကမ်းသင်္ဘောတင်

ဈေးသည် ပြောင်းတစ်တန် ၆၂၃ ပိဿာ ကို အမေရိကန်ဒေါ်လာ ၂၃၀ ဒေါ်လာမှ ၂၅၀ ဒေါ် လာအတွင်း ဝယ်ယူနေကြောင်း သိရသည်။ Source: https://t.me/popularjournal

Source: https://myantrade.gov.mm/article/naypyitaw_20052024_1020

## ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၀၅ သန်းခန့်ရရှိရန်လျာထား

ယခုဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှု မှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၀၅ သန်းခန့်ရရှိရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီး ဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဝင်း၏ ပြောကြားချက်အရ သိရသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတန်ချိန် ၅၂၂,၅၆၅ တန် တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၂၉ ဒသမ ၄၂ သန်း ရရှိခဲ့ကာ ယခုဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ ငါး၊ ပုစွန်မွေးမြူ ရေးလုပ်ငန်းရှင်များနှင့် ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်မှာ ပြည်တွင်းကနေ ပြည်ပကို ရေထွက်ကုန်ပစ္စည်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၈၀၅ သန်း လောက်တင်ပို့နိုင်အောင် စီစဉ်ဆောင်ရွက်မှာဖြစ်တယ်။ အဓိကအားဖြင့် မွေးမြူရေးပုစွန်တင်ပို့မှုနဲ့ မွေးမြူရေး ငါးတန်တင်ပို့မှုတွေကနေ ပို့ကုန်အတိုင်းအတာတစ်ခုအထိ တိုးတက်လာမယ်လို့ မျှော်မှန်းထားတဲ့အတွက်ကြောင့် အခုလို လျာထားဆောင်ရွက်တာဖြစ်ပါတယ်" ဟု ဦးညွန့်ဝင်းက ပြောသည်။

ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ရေထွက် ကုန်ပစ္စည်း တန်ချိန် ၇,၇၂၄ တန် ပိုမိုတင်ပို့နိုင်ခဲ့သည့်အတွက် ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုပမာဏ ပိုမိုတိုးမြင့်လာစေရန် ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ငါးအုပ်စု၊ ပုစွန်အုပ်စုနှင့် ငါး၊ ပုစွန် မဟုတ်သော တစ်ခြားရေထွက်ကုန်များ အုပ်စုဟူ၍ အဓိကအုပ်စုသုံးစုခွဲခြားကာ တင်ပို့လျက်ရှိပြီး လက်ရှိ တွင် နယ်စပ်ကုန်သွယ်ရေးထက် ပုံမှန်ကုန်သွယ်ရေးနည်းလမ်းများကို ပိုမိုအားပြုကာ တင်ပို့နေရကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ အမေရိကန်၊ သြစတြေးလျ၊ ဥရောပသမဂ္ဂနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံများအပါအဝင် ပြည်ပနိုင်ငံပေါင်း ၄၀ ခန့် သို့ တင်ပို့လျက်ရှိပြီး စုစုပေါင်း ရေထွက်ကုန်အမည် ၃၀၀ ကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။ Source: https://www.myawady.net.mm

Source: https://myantrade.gov.mm/article/naypyitaw_28052024_1007

## အုန်းတန်ဖိုးမြှင့် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပ

အက်ခ်မက်-ကိုရီးယား (ACMECS–ROK) ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအစီအစဉ်ဖြင့် "အုန်းတန်ဖိုးမြှင့်ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ" ကို ရန်ကုန်မြို့၊ Pan Pacific Hotel တွင် ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်း ဥက္ကဋ္ဌ Mrs.Nguyen Thi Kim Thanh ခေါင်းဆောင်သည့် ကျွမ်းကျင်ပညာရှင်များက ဗီယက်နမ်နိုင်ငံ၏ အုန်းစိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များ၊ အုန်းစိုက်ပျိုးခြင်းနှင့် Carbon Credit အကြောင်းနှင့် ဗီယက်နမ်နိုင်ငံတွင် ထုတ်ကုန်အသစ်အဖြစ် Macapuno အုန်းစိုက်ပျိုးထုတ်လုပ်နေမှုများအကြောင်းကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဗီယက်နမ်ကျွမ်းကျင် ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် သူများအသင်းနှင့် မြန်မာနိုင်ငံ အုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကျင်းပစဉ်အတွင်း မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်းတို့အကြား နှစ်နိုင်ငံအုန်းသီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (MOU) နှင့် မြန်မာနိုင်ငံ Orchard Company Limited နှင့် ဗီယက်နမ်နိုင်ငံ Hoa Binh Hiep Agricultural Service Cooperative တို့အကြား အုန်းပျိုးပင်များပံ့ပိုးပေးရန်နှင့် အုန်းပျိုးပင်များ စိုက်ပျိုးရန်အတွက် နည်းပညာအကူအညီပေးရန် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်းဥက္ကဋ္ဌနှင့် ကျွမ်းကျင်ပညာရှင်များ၏ ဆွေးနွေးပွဲသို့ တက်ရောက်သူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ယင်းကဒစ် ကျေးရွာရှိ အုန်းချုံမွေးစိုက်ပျိုးသည့်ခြံများသို့ လေ့လာရေးခရီးသွား ရောက်ခဲ့ကြပြီး ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်းဥက္ကဋ္ဌနှင့် ကျွမ်းကျင်ပညာရှင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

Source: https://myantrade.gov.mm/article/NPT_29052024-1

## အထူးဆောင်းပါးများ

### ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့သည် မြစိမ်းရောင်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအတွက် ထိပ်တန်းကမ္ဘာ့ အချက်အချာဒေသအဖြစ် ကြီးထွားလျက်ရှိ

၂၀၂၃ ခုနှစ်အတွင်း ဒူဘိုင်းမြို့မှ ကမ္ဘာလုံးဆိုင်ရာမြစိမ်းရောင်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (FDI) ပေါင်း ၁,၀၇၀ ခုကို ကြိုဆိုလက်ခံခဲ့သည်။ ထွန်းသစ်စစီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်စွမ်းဆောင်ရည်များအတွက် "မရှိမဖြစ်နေရာဒေသတစ်ခု" အဖြစ် အားဖြည့်ပေးသည့်အတွက် မြစိမ်းရောင် FDI များတွင် ဒူဘိုင်းသည် ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာကော်ပိုရေးရှင်းများမှ အဓိကနေရာချဲ့ထွင်သည့်အချက်အချာဒေသတစ်ခုအဖြစ် ကမ္ဘာ့နံပါတ်တစ်နေရာဒေသအဖြစ် တတိယနှစ်မြောက် ဆက်တိုက်ရရှိခဲ့သည်။

Financial Times ဘဏ္ဍာရေးဆိုင်ရာသတင်းဌာန၏ FDI ဈေးကွက်အချက်အလက်များအရ အရှေ့အလယ်ပိုင်းဒေသ၏ အတက်ကြွဆုံး စီးပွားရေးအချက်အချာကျရသည့်အကြောင်းမှာ လူသုံးကုန်ပစ္စည်းများ၊ စွမ်းအင်၊ e-commerce အပါအဝင် မြစိမ်းရောင် FDI စီမံကိန်းများအတွက် ခရီးသွားလုပ်ငန်းဆွဲဆောင်မှု၊ မြစိမ်းရောင် FDI ရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင်နိုင်မှုနှင့် FDI ဆွဲဆောင်မှုများမှ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မှု စသည့်အဓိကအခန်းကဏ္ဍများအတွက် ကမ္ဘာ့နံပါတ်တစ်နေရာသို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဒူဘိုင်း၏ FDI စွမ်းဆောင်ရည်သည် ဒူဘိုင်းစီးပွားရေးအစီအစဉ် D33 ၏ရည်မှန်းချက်ကြီးမားသော ပန်းတိုင်များနှင့် ကိုက်ညီပြီး ဒူဘိုင်းမြို့၏စီးပွားရေးတိုးတက်မှုနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မှုကို အလေးပေးကာ ၂၀၃၃ ခုနှစ်တွင် ယူအေအီးနိုင်ငံ၏စီးပွားရေးအရွယ်အစားကို နှစ်ဆတိုးစေမည်ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင်ဒူဘိုင်းသည် ကမ္ဘာလုံးဆိုင်ရာ မြစိမ်းရောင် FDI ပေါင်း ၁,၀၇၀ ခုကို ကြိုဆိုလက်ခံခဲ့ပြီး ဒုတိယနေရာရှိ စင်ကာပူ(FDI ပေါင်း ၄၄၂ ခု)ထက် ၁၄၂ ရာခိုင်နှုန်းနှင့် တတိယနေရာရှိ လန်ဒန် (FDI ပေါင်း ၄၃၁ ခု) ထက် ၁၄၈ ရာခိုင်နှုန်း ပိုမိုသာလွန်ခဲ့သည်။ ပြီးခဲ့သည့်ငါးနှစ်အတွင်း ထိုကဲ့သို့သောစီမံကိန်းများကို ဆွဲဆောင်ရာတွင် ဒူဘိုင်း၏ ကမ္ဘာလုံးဆိုင်ရာဝေစုသည် ၂၀၁၉ ခုနှစ်က ၁ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၆ ရာခိုင်နှုန်း အထိ သုံးဆတိုးတက်လာခဲ့သည်။

စီးပွားရေးအချက်အခြာနေရာဒေသတစ်ခုအဖြစ် ဒူဘိုင်း၏တိုးတက်လျက်ရှိသော ဆွဲဆောင်မှုသည် HQ FDI ပင်မအခြေစိုက်စီမံကိန်းများအတွက် ၎င်း၏နံပါတ် တစ် အဆင့်ကို ဒုတိယနှစ်မြောက်ရရှိခဲ့ကြောင်း မီးမောင်းထိုးပြသခဲ့သည်။ ၎င်းသည် ၂၀၂၃ ခုနှစ်တွင် စီမံကိန်း ၆၀ ခုကို ဆွဲဆောင်နိုင်ခဲ့ပြီး စင်ကာပူနှင့် လန်ဒန်တို့သည် အဆိုပါ HQ FDI စီမံကိန်းများအတွက် ဒုတိယနှင့် တတိယနေရာများတွင် HQ FDI စီမံကိန်းပေါင်း ၄၀ နှင့် ၃၁ ခုအသီးသီးရရှိခဲ့ကြသည်။ ခြုံငုံသုံးသပ်ရလျှင် ဒူဘိုင်းသည် Inward FDI ပြည်တွင်းသို့ လာရောက်ခြေစိုက်သည့် FDI လုပ်ငန်းများမှတစ်ဆင့် ဖန်တီးထားသောအလုပ်အကိုင်အရေအတွက်မှာ တစ်ကမ္ဘာလုံးတွင် ၂၀၂၂ ခုနှစ်က ပဉ္စမနေရာမှ ယခုအခါ တွင်စတုတ္ထနေရာသို့ ရောက်ရှိခဲ့ပြီး မြစိမ်းရောင် FDI မြို့တော်ဆွဲဆောင်မှုအတွက် ၎င်းသည် ကမ္ဘာ့တစ်ဝှမ်းတွင် အဆင့်ငါးနေရာမှ ရပ်တည်လျက်ရှိကာ ယခင်အဆင့် ၇ နေရာမှ နှစ်နေရာ အထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဒူဘိုင်းမှ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ မြစိမ်းရောင် FDI စီမံကိန်းများတွင် နံပါတ် တစ်နေရာကို ရယူ နိုင်ခဲ့ခြင်းသည် ဒူဘိုင်းမြို့၏ကမ္ဘာ့စီးပွားရေးအတွက် အခွင့်အလမ်းသစ်များကိုအဆက်မပြတ် ထုတ်လုပ်နိုင်မှုကို ပြသနေခြင်းဖြစ်ကြောင်း ဒူဘိုင်းအိမ်ရှေ့မင်းသားနှင့် ဒူဘိုင်းအမှုဆောင်ကောင်စီဥက္ကဋ္ဌဖြစ်သူ Sheikh Hamdan bin Mohammed bin Rashid Al Maktoum က ပြောကြားခဲ့သည်။ ဒူဘိုင်း၏တည်ငြိမ်မှု၊ ခေတ်မီအခြေခံ အဆောက်အအုံများနှင့် တက်ကြွသောစီးပွားရေးပတ်ဝန်းကျင်တို့သည် ရင်းနှီးမြှုပ်နှံမှုနှင့်စွမ်းဆောင်ရည်များ အတွက် အချက်အခြာဒေသဖြစ်လာစေခဲ့ကြောင်း Sheikh Hamdan က ပြောကြားခဲ့သည်။

ဒူဘိုင်းစီးပွားရေးနှင့် ခရီးသွားလာရေးဌာန(DET)၏ ညွှန်ကြားရေးမှူးချုပ် Helal Saeed Almarri က ကမ္ဘာလုံးဆိုင်ရာ FDI သည် ဒူဘိုင်း၏စဉ်ဆက်မပြတ်ဦးဆောင်မှုတွင် ပါဝင်ဆောင်ရွက်ကြသူများနှင့် နိုင်ငံတကာ လုပ်ဖော်ကိုင်ဖက်များ၏ အောင်မြင်သောပူးပေါင်းဆောင်ရွက်မှုများကို မီးမောင်းထိုးပြသနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆင့်သတ်မှတ်ချက်သည် အရည်အသွေးမြင့် FDI များအတွက် ဒူဘိုင်း၏ ထိပ်တန်းကမ္ဘာ့ အချက်အချာဒေသတစ်ခုအဖြစ် ၎င်း၏အဆင့်အတန်းကို

အတည်ပြုထားခဲ့သည်။ ဒူဘိုင်း၏အားကောင်းသော ရင်းနှီးမြုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်များတွင် ရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံတကာကော်ပိုရေးရှင်းများ၊ စီးပွားရေးလုပ်ငန်းစတင်ဆောင်ရွက်ကြသူများနှင့် ကမ္ဘာလုံးဆိုင်ရာ အရည်အသွေး ရှိသူများ၏ ခိုင်မာသောယုံကြည် စိတ်ချမှုသည် ၎င်းတို့၏မဟာဗျူဟာမြောက် လုပ်ဆောင်ချက်များအပေါ် သက်သေပြချက် တစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဒူဘိုင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်ပိုရေးရှင်း(DEDC)၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ Hadi Badri က မြစိမ်းရောင် စီမံကိန်းများ အားကောင်းမောင်းသန်လာသည်နှင့်အမျှ ဒူဘိုင်းသို့ အရည်အချင်းရှိသူများရောက်ရှိ လာမှုမှာလည်း မြင့်တက်လာကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ဒူဘိုင်း FDI Monitor ဌာနမှ ရရှိသောအချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် ကြေညာခဲ့သော FDI စီမံကိန်းပေါင်း ၁,၆၅၀ ခု သည် ၂၀၂၂ ခုနှစ်တွင်ရရှိခဲ့သော FDI စီမံကိန်းပေါင်း ၁,၁၈၈ ခုနှင့်နှိုင်းယှဉ်ပါက ၃၉ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။

ဒူဘိုင်းမြို့သည် ဉာဏ်ရည်တု (AI)၊ ဘဏ္ဍာရေးဆိုင်ရာနည်းပညာ (FinTech)၊ အင်တာနက်တွင် အချက် အလက်များကို သိုလှောင်၊ စီမံခန့်ခွဲမှုများဆောင်ရွက်နိုင်မှု(cloud computing)နှင့် ဆိုက်ဘာလုံခြုံရေးကဏ္ဍ တို့တွင် အဓိကနည်းပညာများစွာဖြင့် ကမ္ဘာတစ်ဝှမ်းတွင် ထိပ်တန်းမြို့အဖြစ် ထင်ရှားစွာပါဝင်ဆောင်ရွက်နေသည့်မြို့အဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ e-commerce ရင်းနှီးမြှုပ်နှံမှုများဖြင့် ဖန်တီးဖော်ဆောင်ထားသော ခန့်မှန်းအလုပ်အကိုင်အရေအတွက်များတွင် ဒူဘိုင်းမြို့သည် ပထမနေရာတွင်ရောက်ရှိနေကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏အဆိုအရ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ FDI စီးဆင်းမှုသည် ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ ထရီလျံရှိကာ ၂၀၂၂ ခုနှစ်ကထက် ၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ကြီးမားသော ဥရောပသဘောတူညီချက် အချို့မပါဝင်ဘဲ၊ ကမ္ဘာလုံးဆိုင်ရာ FDI စီးဆင်းမှုမှာ ၁၈ ရာခိုင်နှုန်းလျော့နည်းခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ FDI စီးဆင်းမှုနှင့်အညီ ဒူဘိုင်းသည် ၂၀၂၃ ခုနှစ်အတွင်း စုစုပေါင်း FDI အရင်းအနှီးတွင် AED ၃၉ ဒသမ ၂၆ ဘီလီယံ(အမေရိဒေါ်လာ ၁၀ ဒသမ ၆၉ ဘီလီယံ) ခန့်ကို ဆွဲဆောင်နိုင်ခဲ့သည်။

ကနေဒါနိုင်ငံအခြေစိုက် Brookfield စီးပွားရေးလုပ်ဖော်ကိုင်ဖက်များစီးပွားရေးကုမ္ပဏီမှ Network International နည်းပညာဆိုင်ရာကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆ ဘီလီယံဖြင့် ဝယ်ယူခဲ့ခြင်းကြောင့် FDI အရင်းအနှီးထိပ်တန်း ငါးနိုင်ငံစာရင်းတွင် ကနေဒါနိုင်ငံမှ ပါဝင်ခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း ဒူဘိုင်းသို့ FDI ခန့်မှန်းခြေရင်းနှီးမြှုပ်နှံမှုအများဆုံး စုစုပေါင်းထိပ်တန်းနိုင်ငံငါးခုမှာ ကနေဒါ ၂၆ ဒသမ ၅ ရာခိုင်နှုန်း၊ အမေရိကန် ၁၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဆော်ဒီအာရေဗျ ၈ ဒသမ ၉ ရာခိုင်နှုန်း၊ ဗြိတိန် ၈ ဒသမ ၂ ရာခိုင်နှုန်းနှင့် အိန္ဒိယ ၅ ဒသမ ၅ ရာခိုင်နှုန်းတို့ဖြစ်ကြပြီး FDI စီမံကိန်းများအပေါ်အခြေခံ၍ စုပေါင်းကြေညာထားသည့် ထိပ်တန်းနိုင်ငံငါးခုမှာ အမေရိကန် ၁၅ ဒသမ ၅ ရာခိုင်နှုန်း၊ ဗြိတိန် ၁၅ ဒသမ ၃ ရာခိုင်နှုန်း၊ အိန္ဒိယ ၁၄ ဒသမ ၉ ရာခိုင်နှုန်း၊ ပြင်သစ် ၆ ဒသမ ၃ ရာခိုင်နှုန်းနှင့် အီတလီ ၃ ဒသမ ၆ ရာခိုင်နှုန်းတို့ဖြစ်ကြကြောင်း သတင်းဌာနမှ ဖော်ပြထားသည်။

Source: khaeejtimes.com,,,(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-21052024-14:07

## ထိုင်းနိုင်ငံနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့အကြားကုန်သွယ်ရေးတိုးမြှင့်နိုင်ရေးအတွက် ထိုင်း-ဆော်ဒီပူးတွဲကုန်သွယ်ရေးကော်မတီတစ်ခု ဖွဲ့စည်းရန် နှစ်နိုင်ငံသဘောတူညီခဲ့

ထိုင်းနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ကုန်သွယ်ရေးတိုးမြှင့်နိုင်ရေးအတွက် ထိုင်း-ဆော်ဒီ ပူးတွဲ ကုန်သွယ်ရေးကော်မတီတစ်ခုဖွဲ့စည်းရန် နှစ်နိုင်ငံသဘောတူညီခဲ့ကြပြီး ကော်မတီဖွဲ့စည်းနိုင်ရေးအတွက် လက်မှတ်ရေးထိုးမည့် နားလည်မှု စာချွန်လွှာ (Memorandum of Underst-anding-MoU) အပေါ် အစိုးရအဖွဲ့ အစည်းက ခွင့်ပြုခဲ့ကြောင်း အစိုးရ၏ ဒုတိယ ပြောရေးဆိုခွင့်ရှိသူ Ms. Rudklao Intawong Suwankiri ၏ ပြောကြားချက်အရသိရသည်။

နားလည်မှုစာချွန်လွှာကို ဆော်ဒီအာရေဗျစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ မေလ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်တွင် လက်မှတ်ရေးထိုးသွားမည် ဖြစ်ကြောင်း၊ စာချုပ်သည် ၃ နှစ် သက်တမ်းရှိမည်ဖြစ်ပြီး စာချုပ်ဝင်တစ်ဦးဦးကဖျက်သိမ်းကြောင်း အကြောင်းကြားစာမပေးပို့မချင်း အလိုအလျောက် သက်တမ်းတိုးသွားမည်ဖြစ်ကြောင်း၊ မူလပထမက ကော်မတီကို ပူးပေါင်း ဆောင်ရွက်ရေး စာချွန်လွှာအရ ဖွဲ့စည်းမည်ဟုဆိုသော်လည်း ဆော်ဒီအာရေဗျ၏ နားလည်မှုစာချွန်လွှာပုံစံ ပြင်ဆင်ပေးရန်မေတ္တာရပ်ခံချက်အရ ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မတီသည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး ဆိုင်ရာပြဿနာများနှင့် အတားအဆီးများကို ဖြေရှင်းနိုင်ရေး ဆွေးနွေးပွဲများအတွက် နည်းလမ်း တစ်ခုအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း Ms. Rudklao ဖြည့်စွက်ပြောကြားခဲ့သည်။

MoU မူကြမ်းသည် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန်၊ အပြန်အလှန်အကျိုးရှိစေရန်၊ အတားအဆီးများနှင့် စိန်ခေါ်မှုအလားအလာများကို အဆုံးသတ်ရန်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ စီးပွားရေးဆိုင်ရာအတွေ့အကြုံများ၊ သတင်းအချက်အလက်နှင့် ကုန်သွယ်ရေး အခွင့်အလမ်းများမျှဝေရန်၊ နှစ်နိုင်ငံကုန်သွယ်ရေးချဲ့ထွင်ရာတွင် အပြန်အလှန်အကြံပြုချက်ပေးရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများမြှင့်တင်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းများ ရှာဖွေနိုင်ရေးအတွက် တစ်နိုင်ငံစီ၌ ကျင်းပမည့် ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆော်ဒီအာရေဗျသည် အစ္စလာမ် နိုင်ငံများနှင့် အရှေ့အလယ်ပိုင်းတွင် နိုင်ငံရေးနှင့် စီးပွားရေးအရ အဓိကကျသောအခန်းကဏ္ဍ၌ ပါဝင်နေပြီး ထိုင်းနိုင်ငံအတွက် စီးပွားရေးနှင့်ကုန်သွယ်ရေး ဆက်သွယ်မှုအတွက် မဟာဗျူဟာကျသည့် ဈေးကွက်ဖြစ်ကြောင်း Ms. Rudklao က သုံးသပ်ပြောကြားသည်။

၂၀၂၃ ခုနှစ်တွင် ဆော်ဒီအာရေဗျသည် ထိုင်းနိုင်ငံ၏ အဆင့် ၁၇ ရှိသော ကုန်သွယ်ရေးမိတ်ဖက်ဖြစ်ခဲ့ပြီး အရှေ့အလယ်ပိုင်း၏ ဒုတိယအကြီးဆုံးကုန်သွယ်ရေးမိတ်ဖက်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ၃၂ နှစ်ကြာ တင်းမာသော ဆက်ဆံရေးပြီးနောက် ၂၀၂၂ ခုနှစ်မှစ၍ သံတမန်ဆက်ဆံရေး ပြန်လည် တည်ဆောက်ခဲ့ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများ ဖန်တီးခဲ့ကြောင်း၊ HRH မင်းသား Mohammed bin Salman ၏ ဖိတ်ကြားချက်အရ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်နေ့တွင် Riyadh သို့ သွားရောက်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်း ပရာယွတ်ချန်အိုချာ၏ ခရီးစဉ်သည် ပထမဆုံး ခေါင်းဆောင်အဆင့် ဆွေးနွေးပွဲဖြစ်ခဲ့ကြောင်း၊ ၁၉၈၉ ခုနှစ်တွင် ဆော်ဒီအာရေဗျပိုင် ကျောက်မျက်ရတနာကို ထိုင်းအလုပ်သမားက ခိုးယူခဲ့မှုအကျိုးဆက်ကြောင့် ဆော်ဒီ သံတမန် ၃ ဦး လုပ်ကြံခံခဲ့ရပြီး ဆော်ဒီလုပ်ငန်းရှင်တစ်ဦး ဗန်ကောက်တွင် ပျောက်ဆုံးခဲ့ကြောင်း၊ ထို့ကြောင့် ဆော်ဒီအာရေဗျက သံတမန်ဆက်ဆံရေးကို အဆင့်နှိမ့်ချခဲ့ပြီး အစီအမံများစွာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံအတွက် အရှေ့အလယ်ပိုင်း၏ ဒုတိယအကြီးဆုံးကုန်သွယ်ရေးမိတ်ဖက်နှင့် အစ္စလာမ်နိုင်ငံများတွင် နိုင်ငံရေးနှင့်စီးပွားရေးအရ အဓိကကျသောအခန်းကဏ္ဍ၌ပါဝင်နေသည့် ဆော်ဒီအာရေဗျနှင့် ထိုင်းနိုင်ငံတို့ အကြား ကုန်သွယ်ရေးဆိုင်ရာများအတွက် ပူးတွဲကုန်သွယ်ရေးကော်မတီ ထူထောင်ခြင်းဖြင့် နှစ်နိုင်ငံအကျိုး ကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ Source: www.bangkokpost.com, သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Npt-130520241000

## ၂၀၂၅ ခုနှစ်အတွက် အခွန်ခန့်မှန်းချက် ကျဆင်းလာမှုကြောင့် ဂျာမနီသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ

ဂျာမနီဘဏ္ဍာရေးဝန်ကြီးဌာနသည် လာမည့်နှစ်၏ အခွန်ရငွေတွင် ကြိုတင်မျှော်မှန်းထားသည်ထက် ယူရို ၂၁ ဒသမ ၉ ဘီလီယံခန့် လျော့နည်းလိမ့်မည်ဟု ၂၀၂၃ နှစ်ကုန်တွင် ခန့်မှန်းထားသည်။

ယင်းကြိုတင်ခန့်မှန်းချက်အသစ်အရ ဂျာမနီနိုင်ငံ၏ ဗဟိုအစိုးရ၊ ပြည်နယ်နှင့်ဒေသဆိုင်ရာအစိုးရများအနေဖြင့် ချွေတာသုံးစွဲရန် လိုအပ်ကြောင်း ဂျာမန်ဘဏ္ဍာရေးဝန်ကြီး Mr. Christian Lindner က ပြောကြားခဲ့သည်။

အသုံးစရိတ်များသုံးစွဲခြင်းနှင့်ချေးငွေများရယူခြင်းတို့သည်ယခုကာလ၌ဂျာမနီနိုင်ငံ၏သုံးပါတီညွန့်ပေါင်း အစိုးရအတွင်း သဘောထားကွဲလွဲမှု၏ အဓိကအချက်ဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ကြိုတင်ခန့်မှန်းချက် ထုတ်ပြန်ရာ၌ ဖော်ပြခဲ့သည့် ပမာဏထက် ယူရို ၁၅ ဒသမ ၅ ဘီလီယံခန့် လိုငွေပြသွားခြင်းသည် ယခင်မျှော်မှန်းထားသည်ထက် အခွန်ကောက်ခံရရှိမှု လျော့နည်းသွားသောကြောင့်ဖြစ်သည်ဟု Mr. Lindner က ပြောကြားခဲ့သည်။

ပြန်လည်ပြင်ဆင်ထားသော ခန့်မှန်းချက်သည် ငွေများကောင်းကင်မှ ပြုတ်ကျလာသကဲ့သို့ နိုင်ငံအတွင်း ဝင်ငွေရရှိမှုများပြားလာလိမ့်မည်ဟု ထင်ယောင်ထင်မှား ဖြစ်နေသူများအားလုံး၏ ထင်မြင်ချက်များအားလုံးကို ဖျက်ဆီးပစ်လိမ့်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရလိုချင်တောင့်တမှုအခြေအနေများအပေါ် ၎င်းအနေဖြင့် ဂါထာ တစ်ခုကဲ့သို့ အမြဲမပြတ်အကြိမ်ကြိမ်ပြောဆိုနေမှုမှာ ယခုအခါ၌ အဖြူနှင့်အမည်းကွဲပြားစွာရှိလာပြီဖြစ်၍ ကြိုတင်မှန်းဆနိုင်သော အနာဂတ်ကာလတွင် ဘဏ္ဍာငွေအသစ်ခွဲဝေလျာထားသုံးစွဲရန်မရှိတော့ကြောင်း၊ မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ်တွင်သာ အလေးထားရမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ထပ်လောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ဖယ်ဒရယ်ဘတ်ဂျက်အတွက် ဆွေးနွေးမှုများ ဆောင်ရွက်ရာတွင် သဘောထားကွဲလွဲမှုများရှိနေသည့်အတွက် စိန်ခေါ်မှုများ ဆက်လက်ရှိနေလိမ့်မည်ဖြစ်ကြောင်းနှင့်ယင်းကိစ္စများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် စည်းကမ်းနှင့် စိတ်စွမ်းအားလိုအပ်ကြောင်း ဂျာမနီ၏ အာဏာရညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ၃ ပါတီအနက် ဘဏ္ဍာရေးဆိုင်ရာ ရှေးရိုးစွဲပါတီ

ဖြစ်သော စီးပွားရေးကိုအလေးထားသည့် လွတ်လပ်သော ဒီမိုကရက်တစ်ပါတီ (FDP) ၏ ခေါင်းဆောင်ဖြစ်သူ ဘဏ္ဍာရေးဝန်ကြီး Mr. Lindner က ပြောကြားခဲ့သည်။

ဂျာမန်အစိုးရ၏ ၂၀၂၄ ခုနှစ်ဘတ်ဂျက်သည် ဂျာမနီ၏ ညွန့်ပေါင်းအစိုးရအတွက် အထူးစိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်အသုံးစရိတ်အတွက် မူလလျာထားသည့် အရေးပေါ်ရန်ပုံငွေများအား အခြားကိစ္စရပ်များအတွက် ပြန်လည်ပြောင်းလဲအသုံးပြုခြင်းကို တားမြစ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ စီရင်ချက်သည် ဝန်ကြီးဌာနများကို အခက်တွေ့စေခဲ့ပြီး၊ ယခုနှစ်တစ်နှစ်တည်းအတွက်ပင် အကြမ်းဖျင်းအားဖြင့် ယူရို ၁၇ ဘီလီယံခန့် ဖြည့်ဆည်းရန် လိုအပ်နေကာ နောက်လာမည့်နှစ်များအတွက်လည်း ပိုမိုလိုအပ်နေလိမ့် မည်ဖြစ် ကြောင်း ဖော်ပြထားသည်။

ဂျာမနီအစိုးရဝန်ကြီးဌာနအချို့သည် Mr. Lindner ချမှတ်ထားသည့် အသုံးစရိတ်ချွေတာရေးနည်းလမ်းများကို ၎င်းတို့အနေဖြင့် စွဲမြဲစွာလိုက်ပါဆောင်ရွက်နိုင်လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့ကြသည်။

ယခုထွက်ပေါ်လာသော ရလဒ်များသည် လာမည့်နှစ်များ၌ ဘဏ္ဍာရေးဆိုင်ရာစိန်ခေါ်မှုများ ပိုမိုကြီးမားလာဖွယ်ရှိနိုင်သည်ကို သက်သေပြနေကြောင်း၊ ဂျာမနီအနေဖြင့် ယခုနှစ်တွင် ဂျီဒီပီ သုည ဒသမ ၃ ရာခိုင်နှုန်းခန့်သာ တိုးလာမည်ဟုခန့်မှန်းထားခြင်းခံထားရသော တိုးတက်မှုအားနည်းနေသည့် အတွေ့အကြုံလည်းရှိထားပြီးဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင်မူ ဂျီဒီပီတိုးတက်မှုနှုန်း တစ် ရာခိုင်နှုန်းရှိလိမ့်မည်ဟုခန့်မှန်းထားကြောင်း၊ စီးပွားရေးနှေးကွေးနေမှုအပေါ် တုံ့ပြန်နိုင်မည့် အစီအမံများကို ယခုအချိန်တွင်မဆောင်ရွက်နိုင်ပါက ဖက်ဒရယ်အစိုးရအတွက် ပိုမိုဆိုးရွားစေလိမ့်မည်ဖြစ်ကြောင်း၊ ပိုမိုများပြားလာသော ကြွေးမြီများအတွက် ထပ်မံကြွေးမြီယူနေရုံဖြင့် လုံလောက်မည်မဟုတ်ကြောင်းနှင့် စီးပွားရေးဆိုင်ရာအလှည့်အပြောင်းတစ်ခု လိုအပ်နေသည်မှာ သိသာထင်ရှားပါကြောင်း Mr. Lindner က ပြောကြားခဲ့သည်။

ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းစေရေးအတွက် အလေးပေးဆောင်ရွက်ရန်လိုအပ်ပြီး စီးပွားရေးခိုင်မာတောင့်တင်းလာပါက စဉ်းစားတွေးခေါ်၍ လိုလားအပ်သော အသုံးစရိတ်များကိုသာ သုံးစွဲသွားရန် လိုအပ်ကြောင်း၊ German Renewable Energy Sources Act အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို တိုးချဲ့ထုတ်လုပ်သုံးစွဲသွားရမည့် ကိစ္စမှာလည်း နောက်ထပ် စွန့်စားမှု တစ်ခုဖြစ်လာနိုင်ကြောင်းနှင့် ယခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် ယူရို ၁၀ ဘီလီယံသာ ခန့်မှန်းထားသော်လည်း နောက်ထပ် ၉ ဘီလီယံခန့် ပိုလာနိုင်ကြောင်းသိရသည်။

Source: https://www.dw.com/en/germany-faces-challenge-as-2025-tax-forecast-sinks/a-69102992

(ဒေါ်သန္တာစော၊ စီးပွားရေးသံမှူး၊ ဘာလင်)

Source: https://myantrade.gov.mm/article/Naypyitawstp_280520241000

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၄၊ မေလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 34,259,475.777 | 189.267 | | 1 | ရေနံထွက်ပစ္စည်းများ | 349.991 |
| 2 | သဘာဝဓာတ်ငွေ့ | kg | 19,400,707.220 | 180.284 | | 2 | ချည်ထည်များ | 124.322 |
| 3 | ပြောင်း | မတန် | 375,645.050 | 84.349 | | 3 | ဓာတ်မြေဩဇာများ | 52.866 |
| 4 | ဆန် | မတန် | 121,442.000 | 69.935 | | 4 | ဆေးဝါးပစ္စည်းများ | 27.814 |
| 5 | မတ်ပဲ | မတန် | 66,036.792 | 64.484 | | 5 | စားအုန်းဆီ | 26.942 |
| 6 | ပဲတီစိမ်း | မတန် | 53,900.917 | 34.957 | | 6 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 26.250 |
| 7 | ပဲစင်းငုံ | မတန် | 27,504.000 | 32.027 | | 7 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 26.216 |
| 8 | ရော်ဘာစိမ်း | မတန် | 19,488.835 | 26.814 | | 8 | ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ | 25.669 |
| 9 | ဆန်ကွဲ | မတန် | 58,986.000 | 24.926 | | 9 | ဓာတုဗေဒပစ္စည်းများ | 21.306 |
| 10 | ငါး | မတန် | 16,171.025 | 17.356 | | 10 | စက်နှင့်စက်ပစ္စည်းများ | 21.086 |

**Source: tradedata**

# ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁.၄.၂၀၂၄မှ၂၄.၅.၂၀၂၄) ထိ | ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် (၁.၄.၂၀၂၄ မှ ၂၄.၅.၂၀၂၄) ထိ | တိုး/ လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 862.279 | 518.940 | 343.339 |
| ၂ | တိရစ္ဆာန်ထွက် | 1.087 | 1.067 | 0.020 |
| ၃ | ရေထွက် | 92.022 | 60.547 | 31.475 |
| ၄ | သတ္တုတွင်းထွက် | 24.356 | 36.290 | -11.934 |
| ၅ | သစ်တောထွက် | 8.626 | 11.776 | -3.150 |
| ၆ | စက်မှုကုန်ချော | 966.588 | 1101.243 | -134.655 |
| ၇ | အခြား | 42.312 | 57.289 | -14.977 |
| | စုစုပေါင်း | 1997.270 | 1787.152 | 210.118 |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁.၄.၂၀၂၄မှ၂၆.၄.၂၀၂၄) ထိ | ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် (၁.၄.၂၀၂၄ မှ ၂၄.၅.၂၀၂၄) ထိ | တိုး/ လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 296.063 | 496.538 | -200.475 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 1057.262 | 1307.021 | -249.759 |
| ၃ | လူသုံးကုန်ပစ္စည်း | 230.647 | 420.875 | -190.228 |
| ၄ | CMP | 417.039 | 442.354 | -25.315 |
| | | | | |
| | | | | |
| | စုစုပေါင်း | 2001.011 | 2666.788 | -665.777 |

Source: commerce

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၄၊ မေလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၄.၆.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စဟောင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 130000-135000 |
| မြောင်းမြ | 80000-81000 | 130000-135000 |
| ဒေးဒရဲ | 80000-81000 | 120000-130000 |
| ဝါးခယ်မ | 80000-81000 | 120000-130000 |
| ဘိုကလေး | 80000-81000 | 120000-128000 |
| မော်လမြိုင်ကျွန်း | 80000-81000 | 125000-130000 |
| လပွတ္တာ | - | 125000-130000 |
| ကျိုက်လတ် | 80000-81000 | 120000-125000 |
| ဘုရင့်နောင် | 80000-81000 | 148000-150000 (ရွှေဘို) |

Source: MRF

### ၂၀၂၄၊ မေလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 6.5.2024 | 1700-1750 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 |
| 2 | 13.5.2024 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 |
| 3 | 20.5.2024 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |
| 4 | 27.5.2024 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |

Source: MRPPA

## ၂၀၂၄၊ မေလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွံနီ(ရှယ်) | | | ဧည့်မထ | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 2.5.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 80000 | 79000 | 78000 | 73000 | 72000 | 71000 |
| 2 | 3.5.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 80000 | 79000 | 78000 | 73000 | 72000 | 71000 |
| 3 | 6.5.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 4 | 7.5.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 5 | 8.5.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 6 | 9.5.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 7 | 10.5.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 8 | 13.5.2024 | 115000 | 112000 | 105000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 9 | 14.5.2024 | 115000 | 112000 | 105000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 10 | 15.5.2024 | 115000 | 112000 | 105000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 11 | 16.5.2024 | 115000 | 112000 | 105000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 12 | 17.5.2024 | 130000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 13 | 20.5.2024 | 130000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 14 | 21.5.2024 | 130000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 15 | 23.5.2024 | 130000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 16 | 24.5.2024 | 130000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 17 | 27.5.2024 | 128000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 18 | 28.5.2024 | 128000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 19 | 29.5.2024 | 128000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 20 | 30.5.2024 | 128000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 21 | 31.5.2024 | 128000 | 125000 | 120000 | 105000 | 102000 | 100000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |

**Source: Myanmar Rice**

## ၂၀၂၄၊ မေလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 2.5.2024 | 2100.0 | 56.895 | 290.01 | 1545.4 | 25.164 | 1351.0 |
| 2 | 3.5.2024 | 2100.0 | 57.073 | 290.01 | 1552.7 | 25.177 | 1370.9 |
| 3 | 6.5.2024 | 2100.0 | 57.143 | 291.17 | 1554.5 | 25.161 | 1365.8 |
| 4 | 7.5.2024 | 2100.0 | 57.057 | 291.06 | 1552.0 | 25.150 | 1360.2 |
| 5 | 8.5.2024 | 2100.0 | 56.818 | 290.65 | 1548.8 | 25.146 | 1351.4 |
| 6 | 9.5.2024 | 2100.0 | 56.849 | 290.6 | 1547.9 | 25.150 | 1347.0 |
| 7 | 10.5.2024 | 2100.0 | 57.135 | 290.65 | 1551.4 | 25.158 | 1348.6 |
| 8 | 13.5.2024 | 2100.0 | 57.104 | 290.30 | 1550.6 | 25.144 | 1348.4 |
| 9 | 14.5.2024 | 2100.0 | 57.174 | 290.16 | 1551.0 | 25.146 | 1342.5 |
| 10 | 15.5.2024 | 2100.0 | 57.456 | 290.73 | 1556.0 | 25.151 | 1345.2 |
| 11 | 16.5.2024 | 2100.0 | 58.123 | 290.98 | 1561.7 | 25.151 | 1357.2 |
| 12 | 17.5.2024 | 2100.0 | 57.891 | 290.60 | 1558.3 | 25.151 | 1347.9 |
| 13 | 20.5.2024 | 2100.0 | 58.285 | 290.36 | 1560.3 | 25.215 | 1348.5 |
| 14 | 21.5.2024 | 2100.0 | 57.803 | 290.18 | 1558.8 | 25.212 | 1343.9 |
| 15 | 23.5.2024 | 2100.0 | 57.463 | 289.87 | 1555.3 | 25.222 | 1339.8 |
| 16 | 24.5.2024 | 2100.0 | 57.166 | 289.84 | 1553.1 | 25.24 | 1336.9 |
| 17 | 27.5.2024 | 2100.0 | 57.416 | 289.85 | 1555.9 | 25.283 | 1339.8 |
| 18 | 28.5.2024 | 2100.0 | 57.448 | 289.82 | 1559.0 | 25.266 | 1340.5 |
| 19 | 29.5.2024 | 2100.0 | 57.322 | 289.72 | 1556.2 | 25.218 | 1334.9 |
| 20 | 30.5.2024 | 2100.0 | 57.081 | 290.00 | 1554.1 | 25.216 | 1337.7 |
| 21 | 31.5.2024 | 2100.0 | 57.120 | 290.01 | 1554.8 | 25.223 | 1339.5 |

Source: Central Bank of Myanmar

## ၂၀၂၄၊ မေလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | | (ထိပ်စ) | | |
| 1 | 2.5.2024 | 3127000 | 4057000 | 1733100-1990300 | 2345500 | 2651600-2755800 | 3141600 |
| 2 | 3.5.2024 | 3135000 | 4080000 | 1733100-1990300 | 2345500 | 2651600-2755800 | 3141600 |
| 3 | 6.5.2024 | 3125000 | 4065000 | 1733100-1990300 | 2345500 | 2651600-2755800 | 3141600 |
| 4 | 7.5.2024 | 3121000 | 4050000 | 1733100-1990300 | 2345500 | 2651600-2755800 | 3141600 |
| 5 | 8.5.2024 | 3110000 | 4030000 | 1733100-1990300 | 2345500 | 2602700-2706800 | 3141600 |
| 6 | 9.5.2024 | 3135000 | 4051000 | 1733100-1990300 | 2345500 | 2602700-2706800 | 3300800 |
| 7 | 10.5.2024 | 3160000 | 4090000 | 1733100-1990300 | 2345500 | 2602700-2706800 | 3300800 |
| 8 | 13.5.2024 | 3149000 | 4087000 | 1733100-1990300 | 2345500 | 2602700-2706800 | 3512100 |
| 9 | 14.5.2024 | 3200000 | 4125000 | 1733100-1990300 | 2345500 | 2602700-2706800 | 3512100 |
| 10 | 15.5.2024 | 3197000 | 4180000 | 1733100-1990300 | 2345500 | 2602700-2706800 | 3512100 |
| 11 | 16.5.2024 | 3232000 | 4250000 | 1733100-1990300 | 2345500 | 2602700-2706800 | 3512100 |
| 12 | 17.5.2024 | 3230000 | 4225000 | 1733100-1990300 | 2345500 | 2602700-2706800 | 3512100 |
| 13 | 20.5.2024 | 3260000 | 4335000 | 1733100-1990300 | 2345500 | 2602700-2706800 | 3726400 |
| 14 | 21.5.2024 | 3240000 | 4300000 | 1837200-2042300 | 2345500 | 2602700-2706800 | 3726400 |
| 15 | 23.5.2024 | 3240000 | 4290000 | 1837200-2042300 | 2345500 | 2602700-2706800 | 3726400 |
| 16 | 24.5.2024 | 3283000 | 4300000 | 1837200-2042300 | 2345500 | 2651600-2755800 | 3726400 |
| 17 | 27.5.2024 | 3310000 | 4375000 | 1837200-2042300 | 2376100 | 2703700-2807800 | 3726400 |
| 18 | 28.5.2024 | 3379000 | 4405000 | 1837200-2042300 | 2376100 | 2703700-2807800 | 3726400 |
| 19 | 29.5.2024 | 3388000 | 4460000 | 1837200-2094400 | 2376100 | 2755800-2859900 | 3726400 |
| 20 | 30.5.2024 | 3480000 | 4550000 | 1837200-2094400 | 2406700 | 2755800-2859900 | 4259200 |
| 21 | 31.5.2024 | 3410000 | 4450000 | 1837200-2143400 | 2406700 | 2755800-2859900 | 4259200 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ မေလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျင်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 2.5.2024 | 3359000-3469200 | 1990300-2094400 | 2091300-2195400 | 1907600-1941300 | 655300-667500 |
| 2 | 3.5.2024 | 3359000-3469200 | 1990300-2094400 | 2091300-2195400 | 1907600-1941300 | 655300-667500 |
| 3 | 6.5.2024 | 3359000-3469200 | 1990300-2094400 | 2091300-2195400 | 1907600-1941300 | 661400-673600 |
| 4 | 7.5.2024 | 3359000-3469200 | 1990300-2094400 | 2091300-2195400 | 1907600-1941300 | 661400-673600 |
| 5 | 8.5.2024 | 3359000-3469200 | 1990300-2094400 | 2091300-2195400 | 1907600-1941300 | 661400-673600 |
| 6 | 9.5.2024 | 3359000-3469200 | 1990300-2094400 | 2091300-2195400 | 1938200-1990300 | 673600-685900 |
| 7 | 10.5.2024 | 3359000-3469200 | 1990300-2094400 | 2091300-2195400 | 1938200-1990300 | 673600-685900 |
| 8 | 13.5.2024 | 3359000-3469200 | 1990300-2143400 | 2091300-2195400 | 1938200-1990300 | 685900-698100 |
| 9 | 14.5.2024 | 3359000-3469200 | 1990300-2143400 | 2091300-2195400 | 1938200-1990300 | 685900-698100 |
| 10 | 15.5.2024 | 3359000-3469200 | 1990300-2143400 | 2091300-2195400 | 1938200-1990300 | 685900-698100 |
| 11 | 16.5.2024 | 3359000-3469200 | 1990300-2143400 | 2091300-2195400 | 1938200-1990300 | 685900-698100 |
| 12 | 17.5.2024 | 3359000-3469200 | 1990300-2143400 | 2091300-2195400 | 1990300-2020900 | 698100-710400 |
| 13 | 20.5.2024 | 3359000-3469200 | 1990300-2143400 | 2091300-2195400 | 1990300-2020900 | 422600-734900 |
| 14 | 21.5.2024 | 3359000-3469200 | 1990300-2143400 | 2091300-2195400 | 1990300-2020900 | 722600-734900 |
| 15 | 23.5.2024 | 3359000-3469200 | 2039300-2143400 | 2091300-2195400 | 1990300-2020900 | 753200-765500 |
| 16 | 24.5.2024 | 3359000-3469200 | 2039300-2143400 | 2091300-2195400 | 1990300-2020900 | 753200-765500 |
| 17 | 27.5.2024 | 3359000-3469200 | 2039300-2143400 | 2143400-2348500 | 2039300-2143400 | 765500-777700 |
| 18 | 28.5.2024 | 3359000-3469200 | 2091300-2195400 | 2143400-2348500 | 2039300-2143400 | 765500-777700 |
| 19 | 29.5.2024 | 3359000-3469200 | 2091300-2195400 | 2192400-2348500 | 2143400-2195400 | 765500-777700 |
| 20 | 30.5.2024 | 3359000-3469200 | 2091300-2195400 | 2192400-2348500 | 2143400-2195400 | 783900-796100 |
| 21 | 31.5.2024 | 3359000-3469200 | 2143400-2247500 | 2192400-2348500 | 2192400-2247500 | 783900-796100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 2.5.2024 to 3.5.2024 | 6.5.2024 to 10.5 .2024 | 13.5.2024 to 17.5.2024 | 20.5 .2024 to 24.5.2024 | 27.5 .2024 to 31.5.2024 |
|---|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 965-985 | 965-985 | 995-1015 | 1010-1030 | 1040-1060 |
| | SQ | 1055-1075 | 1055-1075 | 1085-1105 | 1100-1120 | 1135-1155 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1025-1075 | 1025-1075 | 1055-1105 | 1070-1120 | 1100-1150 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1125-1175 | 1125-1175 | 1155-1205 | 1170-1220 | 1200-1250 |
| | အခွံပါအခြမ်း | 1025-1075 | 1025-1075 | 1055-1105 | 1070-1120 | 1100-1150 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 660-690 | 660-690 | 650-680 | 660-690 | 680-710 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 790-820 | 790-820 | 780-810 | 780-810 | 790-820 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 760-750 | 760-750 | 750-780 | 750-780 | 760-790 |
| | ရွှေဝါအသေး (Under 3.5 mm) | 720-750 | 720-750 | 710-740 | 710-740 | 720-750 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 620-640 | 620-640 | 620-640 | 620-640 | 635-655 |
| | SQ ပဲနောက် | 710-730 | 710-730 | 710-730 | 750-770 | 790-810 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 940-990 | 940-990 | 940-990 | 950-1000 | 960-1010 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 690-715 | 690-715 | 690-715 | 725-750 | 735-760 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 665-715 | 665-715 | 665-715 | 700-750 | 700-750 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 1260-1280 | 1280-1300 | 1300-1320 | 1320-1340 | 1340-1360 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 1220-1240 | 1240-1260 | 1260-1280 | 1280-1300 | 1300-1320 |
| | အခွံချွတ်အခြမ်း | 1560-1585 | 1580-1605 | 1600-1625 | 1620-1645 | 1640-1665 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 870-895 | 870-895 | 870-895 | 875-900 | 890-915 |
| | အခွံချွတ်အခြမ်း | 1185-1210 | 1185-1210 | 1185-1210 | 1190-1215 | 1205-1230 |
| ပဲလွန်းဖြူ | FAQ | 690-710 | 690-710 | 690-710 | 700-720 | 700-720 |
| | SQ | 760-785 | 760-785 | 760-785 | 770-795 | 770-795 |
| | အခွံချွတ်အခြမ်း | 825-875 | 825-875 | 825-875 | 825-875 | 825-875 |
| ပဲလွန်းနီ | FAQ | 660-710 | 640-690 | 640-690 | 640-690 | 640-690 |
| ပဲထောပတ် | FAQ | 1075-1105 | 1130-1160 | 1170-1200 | 1200-1230 | 1370-1400 |
| | အခွံချွတ်အခြမ်း | 1210-1235 | 1265-1290 | 1305-1330 | 1335-1360 | 1450-1475 |
| ပြောင်းဆန် | | 225-245 | 225-245 | 230-250 | 240-260 | 240-260 |
| နှမ်းဖြူ | | 1630-1680 | 1640-1690 | 1640-1690 | 1680-1730 | 1720-1770 |
| နှမ်းနက်(စမုန်) | | 1650-1700 | 1680-1730 | 1680-1730 | 1680-1730 | 1720-1770 |
| နှမ်းညို | | 1370-1420 | 1370-1420 | 1370-1420 | 1370-1420 | 1380-1430 |
| နှမ်းနက်(ရိုးရိုး) | | 1370-1420 | 1370-1420 | 1370-1420 | 1370-1420 | 1380-1430 |
| မြေထောက်ပဲ(အနီ)FAQ | | | | 1025-1050 | 1025-1050 | 1025-1050 |
| မြေထောက်ပဲ(အနီ)SQ | | 1300-1325 | 1300-1325 | 1225-1250 | 1225-1250 | 1225-1250 |
| မြေထောက်ပဲ(အဖြူ) | | 1300-1325 | 1140-1165 | 1065-1090 | 1065-1090 | 1225-1250 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 1040-1075 | 1070-1105 | 995-1025 | 995-1025 | 995-1025 |
| ပဲယင်း(ဝါ) | | 1070-1105 | 470-495 | 470-495 | 470-495 | 520-545 |
| ပဲယင်း(နီ) | | 490-515 | 590-640 | 580-630 | 580-630 | 640-690 |
| ပဲကြီး | | 575-625 | 900-935 | 900-935 | 900-935 | 900-935 |
| Azuki (Small Red Bean) | | 900-935 | 1000-1025 | 1000-1025 | 1000-1025 | 1000-1025 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 1.5.2024 to 7.5.2024 | 8.5.2024 to 14.5.2024 | 15.5.2024 to 21.5.2024 | 22.5.2024 to 28.5.2024 | 29.5.2024 to 4.6.2024 |
|---|---|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken | | 555-565 | 555-565 | 555-565 | 555-565 |
| 2 | Myanmar White Rice 5% Broken (Well Milled Sortexed) | 570-580 | 565-575 | 565-575 | 565-575 | 565-575 |
| 3 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 570-580 | 565-575 | 565-575 | 565-575 | 565-575 |
| 4 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 565-570 | 565-570 | 565-570 | 565-570 | 565-570 |
| 5 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 560-565 | 560-565 | 560-565 | 560-565 | 560-565 |
| 6 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 555-560 | 550-555 | 550-555 | 550-555 | 550-555 |
| 7 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 530-535 | 525-530 | 525-530 | 525-530 | 525-530 |
| 8 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 580-585 | 575-580 | 575-580 | 575-580 | 575-580 |
| 9 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 575-580 | 575-580 | 575-580 | 575-580 | 575-580 |
| 10 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 565-570 | 565-570 | 565-570 | 565-570 | 565-570 |
| 11 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 555-560 | 550-555 | 550-555 | 550-555 | 550-555 |
| 12 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 570-580 | 565-575 | 565-575 | 565-575 | 565-575 |
| 13 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 565-570 | 565-570 | 565-570 | 565-570 | 565-570 |
| 14 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 560-565 | 560-565 | 560-565 | 560-565 | 560-565 |
| 15 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 555-560 | 550-555 | 550-555 | 550-555 | 550-555 |
| 16 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 575-580 | 570-575 | 570-575 | 570-575 | 570-575 |
| 17 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 570-575 | 570-575 | 570-575 | 570-575 | 570-575 |
| 18 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 565-570 | 565-570 | 565-570 | 565-570 | 565-570 |
| 19 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 555-560 | 550-555 | 550-555 | 550-555 | 550-555 |
| 20 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 535-540 | 530-535 | 530-535 | 530-535 | 530-535 |
| 21 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 600-610 | 595-605 | 595-605 | 595-605 | 595-605 |
| 22 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 580-585 | 580-585 | 570-580 | 580-585 | 560-570 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 575-580 | 575-580 | 560-565 | 575-580 | 550-560 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 570-575 | 570-575 | 550-560 | 570-575 | 545-550 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 555-560 | 550-555 | 545-550 | 550-555 | 540-550 |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 645-650 | 640-645 | 640-645 | 640-645 | 640-645 |
| 27 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 635-645 | 635-645 | 635-645 | 635-645 | 635-645 |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken (Well Milled Double Polished Sortexed) | 645-650 | 645-650 | 645-650 | 645-650 | 645-650 |
| 29 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 635-645 | 635-645 | 635-645 | 635-645 | 635-645 |
| 30 | Myanmar Glutinous Rice 5% Broken | 640-650 | 635-645 | 635-645 | 635-645 | 635-645 |
| 31 | Myanmar Glutinous Rice 10 % Broken | 630-640 | 630-640 | 630-640 | 630-640 | 630-640 |
| 32 | Myanmar Glutinous Rice 15 % Broken | 620-630 | 620-630 | 620-630 | 620-630 | 620-630 |
| 33 | Myanmar Brown Rice 10 % Broken | 480-490 | 480-490 | 480-490 | 480-490 | 480-490 |

**Source: MRF**

## ၂၀၂၄၊ မေလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 2.5.2024 | 79.42 | 83.89 | 257.86 | 1.96 | 246.71 |
| 2 | 3.5.2024 | 79.13 | 83.86 | 260.30 | 2.02 | 244.82 |
| 3 | 6.5.2024 | 78.67 | 83.51 | 257.39 | 2.16 | 246.64 |
| 4 | 7.5.2024 | 78.67 | 83.51 | 257.39 | 2.16 | 246.64 |
| 5 | 8.5.2024 | 78.17 | 82.91 | 252.82 | 2.21 | 245.63 |
| 6 | 9.5.2024 | 79.38 | 83.86 | 253.90 | 2.19 | 248.84 |
| 7 | 10.5.2024 | 79.76 | 84.34 | 255.49 | 2.34 | 248.70 |
| 8 | 13.5.2024 | 78.11 | 82.60 | 250.27 | 2.25 | 242.98 |
| 9 | 14.5.2024 | 79.22 | 83.46 | 251.45 | 2.36 | 244.09 |
| 10 | 15.5.2024 | 78.67 | 82.98 | 247.89 | 2.35 | 243.50 |
| 11 | 16.5.2024 | 79.02 | 83.10 | 251.87 | 2.42 | 243.56 |
| 12 | 17.5.2024 | 79.52 | 83.73 | 256.87 | 2.50 | 247.33 |
| 13 | 20.5.2024 | 80.00 | 84.05 | 257.03 | 2.67 | 248.49 |
| 14 | 21.5.2024 | 79.22 | 83.16 | 253.27 | 2.74 | 246.97 |
| 15 | 23.5.2024 | 77.19 | 81.61 | 246.23 | 2.82 | 241.87 |
| 16 | 24.5.2024 | 76.85 | 81.37 | 247.97 | 2.67 | 240.97 |
| 17 | 27.5.2024 | 77.98 | 82.32 | 250.17 | 2.50 | 242.43 |
| 18 | 28.5.2024 | 78.87 | 83.28 | 252.40 | 2.51 | 244.66 |
| 19 | 29.5.2024 | 80.09 | 84.40 | 251.44 | 2.60 | 247.74 |
| 20 | 30.5.2024 | 79.13 | 83.56 | 245.95 | 2.49 | 243.23 |
| 21 | 31.5.2024 | 77.67 | 81.63 | 239.87 | 2.55 | 236.90 |

Source: Bloomberg Commodities

## ၂၀၂၄၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 2.5.2024 | 2324 | 2328 |
| 2 | 3.5.2024 | 2306 | 2309 |
| 3 | 6.5.2024 | 2316 | 2318 |
| 4 | 7.5.2024 | 2316 | 2318 |
| 5 | 8.5.2024 | 2320 | 2324 |
| 6 | 9.5.2024 | 2318 | 2323 |
| 7 | 10.5.2024 | 2356 | 2359 |
| 8 | 13.5.2024 | 2355 | 2358 |
| 9 | 14.5.2024 | 2345 | 2351 |
| 10 | 15.5.2024 | 2361 | 2364 |
| 11 | 16.5.2024 | 2391 | 2397 |
| 12 | 17.5.2024 | 2388 | 2392 |
| 13 | 20.5.2024 | 2440 | 2443 |
| 14 | 21.5.2024 | 2419 | 2423 |
| 15 | 23.5.2024 | 2359 | 2361 |
| 16 | 24.5.2024 | 2336 | 2340 |
| 17 | 27.5.2024 | 2348 | 2352 |
| 18 | 28.5.2024 | 2356 | 2358 |
| 19 | 29.5.2024 | 2360 | 2364 |
| 20 | 30.5.2024 | 2338 | 2341 |
| 21 | 31.5.2024 | 2346 | 2350 |

Source: Bullionvault,

မှတ်ချက်။ ရန်ကုန်၊ မန္တလေးရွှေဈေးသည် e trade Myanmar တွင် ဈေးနှုန်းတက်ခြင်းမရှိပါသောကြောင့် ဈေးနှုန်းရရှိချိန်တွင်ပြန်လည်ဖော်ပြပေးပါမည်